# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျိုက်ပါဒကြီး ဆံတော်ရှင် စေတီတော် ဘက်စုံ တည်ဆောက်ရေး**



နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကျောက်တန်းမြို့ ကျိုက်ပါဒကြီး ဆံတော်ရှင် စေတီတော် ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

# နိုင်ငံတကာရေကြောင်းနှင့်လေကြောင်းနယ်ပယ်တွင် အသိပညာတိုးတက်မြင့်မားပြီးဝင်ဆံ့နိုင်ရေး ကမ္ဘာ့အဆင့်မီသင်ရိုးညွှန်းတမ်းများရေးဆွဲပြီး ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့်သင်ကြားလျက်ရှိ နိုင်ငံတကာတွင်ထင်ပေါ်ကျော်ကြားသည့်တက္ကသိုလ်ကြီးများအဖြစ် ရေရှည်ရပ်တည်နိုင်ရေးကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၉

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး အဆိုပါ တက္ကသိုလ်အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။**



အဆိုပါ အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ထူထောင်ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကြီးနှစ်ခုတို့မှာ မိမိတို့အစိုးရလက်ထက်တွင်မှ တည်ထောင်


**စာမျက်နှာ ၈ ကော်လံ ၁ ✻**


**ရေကြောင်း ပညာတက္ကသိုလ်**

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မအဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

**မြန်မာ့အလင်း သတင်း ဆောင်းပါး အညွှန်း**

" ပထမအကြိမ် အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာဗိုလ်စွဲ"
သတင်း(ကျောဖုံး)

"လွှဲမှားသောလမ်းကြောင်းသို့ အမေရိကန်ဦးတည်နေ"
နိုင်ငံတကာသတင်း(စာ-၄)

**ပြည်ပဖိအားဖြင့် ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်**

"ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် ပြည်ပတွန်းအား၊ ဖိအားတွေနဲ့ ဒီမိုကရေစီမထူထောင်နိုင်၊ ပြည်ပက ကျူးကျော်သိမ်းပိုက်မှုနဲ့လဲ ဒီမိုကရေစီမထွန်းကားနိုင်၊ ပြည်တွင်းအရေးမှန်သမျှ ပြည်တွင်းမှာသာ တည်တယ် "
အောင်မိုးစံ၏ဆောင်းပါး(စာ-၃)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**


10-10 (01).p65 1 24.03.1905, 3:13 PM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

# ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ လက်ဆင့်ကမ်း ထိန်းသိမ်း အမျိုးသားရေးစိတ်ဓာတ်တိုးပွားခိုင်ကျည်အောင် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတိုင်း လူမျိုးတိုင်းတွင် ကိုယ်ပိုင်ယဉ်ကျေးမှု ရှိစမြဲဖြစ်သည်။ မည်သည့်နိုင်ငံတွင်မဆို မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြသည်။

ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီကတည်းက တည်ရှိခဲ့သော ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ယနေ့တိုင် အခိုင်အမာတည်ရှိနေသည်။ တည်ရှိနေသော ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ထုံးတမ်းအစဉ်အလာများကို မပျောက်ပျက်စေရန်၊ အရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဤသို့ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော ဦးတည်ချက် တစ်ရပ်ကို ထည့်သွင်းချမှတ်ထားသည်။

ချမှတ်ထားသော ဦးတည်ချက်နှင့်အညီ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို ပြန်လည် ဖော်ထုတ်ပြသသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကြီးများကို ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် (၁၂)ကြိမ်တိုင်ပြီဖြစ်သည်။ ယခုနှစ်ကျင်းပမည့် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအတွက် မွန်မြတ်သော ရည်ရွယ်ချက်များ ချမှတ်ထားရာ မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသော ရည်ရွယ်ချက်များ ပါဝင်သည်။

အဆိုပါ ရည်ရွယ်ချက်များနှင့်အညီ ကျင်းပနိုင်ရန်အတွက် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ စက်တင်ဘာလ ၅ ရက် နေ့က ကျင်းပခဲ့ရာ ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်မှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်-

**"မြန်မာလူမျိုးတို့ နှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေး ဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ပိုမိုတိုးတက် မြင့်မားခိုင်ကျည်စေရမည်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ခြင်း ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ် အစဉ်အလာမပျက် ကျင်းပပေးခြင်းအားဖြင့် ထိန်းသိမ်းအပ်သောရိုးရာယဉ်ကျေးမှုအမွေအနှစ် ယဉ်ကျေးမှုအနုသုခုမ ပညာရပ် များကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းသယ်ဆောင် ထိန်းသိမ်းသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းတစ်ပါးယဉ်ကျေးမှုများကို ရှောင်ရှား၍ မိမိနိုင်ငံ မိမိလူမျိုး၏ ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းပြီး မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး စိတ်ဓာတ်တို့ တိုးပွားခိုင်ကျည်စေရန် တိုင်းရင်းသားပြည်သူတိုင်းက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းမီးရထားရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး အလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ၁ရက်က ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးချစ်ကိုကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးမြင့်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၅၉)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

**(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ ကျင့်သုံးလိုက်နာသွားမည်။**

**(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။**

**(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

**(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

**(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

**(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

**သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင် ချမ်းမြေ့ဂုဏ်ဝေသီလရှင်ပရိယတ္တိ စာသင်တိုက်၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။**

(သတင်းစဉ်)



## ချမ်းမြေ့ဂုဏ်ဝေ သီလရှင်စာသင်တိုက် (၁၀)နှစ်ပြည့်အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် အောက်တိုဘာ ၉

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဗဟိုလမ်းရှိ ချမ်းမြေ့ဂုဏ်ဝေ သီလရှင်ပရိယတ္တိစာသင်တိုက်၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် အလှူတော်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ၇ရက်က ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီးဒေါ်ခင်သန်းနွဲ့၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစန်းလွင်၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းနှင့် အလှူရှင်များတက်ရောက်ကြသည်။**

### လှူဖွယ်ပစ္စည်းများဆက်ကပ်

ရှေးဦးစွာ ဒဂုံဆိပ်ကမ်းမြို့နယ် မဟာဝိနယာလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝိနယာလင်္ကာရထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် သီလရှင် ဆရာကြီး ဆရာလေး ၁၅၂၁ပါးတို့အား ဆွမ်း၊ သီလရှင်ဝတ်စုံ၊ အလှူငွေများ ကပ်လှူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ပဖိအားဖြင့် ဒီမိုကရေစီနိုင်ငံမထူထောင်နိုင်

အောင်မိုးစံ

ဒီကနေ့ နိုင်ငံတကာ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးကို အသွင်နှစ်မျိုးနဲ့ ဆင်နွှဲနေကြပါတယ်။ ပထမအမျိုးအစားဟာ စီးပွားရေးခြေလှမ်းမမြဲခင် နိုင်ငံရေးလွတ်လပ်မှုတွေကို ရှေ့တန်းတင် ဖွင့်ပေးလိုက်တဲ့ ဒီမိုကရေစီတော်လှန်ရေးမျိုး ဖြစ်ပါတယ်။ ဒီတော်လှန်ရေးမျိုးဟာ ပြိုကွဲပျက်စီးမှု၊ သေကျေသွေးအိုင်ထွန်းမှု၊ ပြည်သူတို့ ဒုက္ခကြီးစွာ ကြုံရမှုများနဲ့ ဖြတ်သန်းရပါတယ်။ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံဟောင်းအချို့ ဆင်နွှဲခဲ့ကြပါတယ်။

ဒုတိယအမျိုးအစားကတော့ စီးပွားရေး ခြေလှမ်းခိုင်မြဲမှုနဲ့ အတူသာ နိုင်ငံရေးလွတ်လပ်မှုတွေကို ဖွင့်ပေးတဲ့ဒီမိုကရေစီတော်လှန်ရေးမျိုးဖြစ်ပါတယ်။ ဒီတော်လှန်ရေးတွင် စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေ ဖွံ့ဖြိုးတိုးတက်လာမှု၊ ပြည်တွင်းတည်ငြိမ်မှု၊ ပြည်သူတို့ လူမှုဘဝ ပြောင်းလဲတိုးတက်လာမှုများနဲ့ တက်လှမ်းကြရပါတယ်။ ဒီကနေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အာဆီယံ နိုင်ငံတွေဆင်နွှဲတဲ့ တော်လှန်ရေးမျိုး ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဟာ ဒီလမ်းနှစ်သွယ်မှာ မိမိတို့ပြည်သူလူထုကြီးအတွက်ဝေဒနာပြွမ်းတီးမှုအနည်းဆုံးနဲ့ အငြိမ်းချမ်းဆုံးလမ်းကို ရွေးချယ်ကျင့်သုံးကြရပါတယ်။ ဥပမာအားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ အရှေ့ဥရောပနိုင်ငံများရဲ့ ပြုပြင်ပြောင်းလဲရေးတွေမှာ ကွဲပြားထင်ရှားစွာ တွေ့နိုင်ပါတယ်။

ဒါပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သူတို့ရဲ့ အနောက်ဥရောပဒီမိုကရေစီကို ပုံတူကူးကျင့်သုံးဖို့ တွန်းအား၊ ဖိအားတွေ၊ ပိတ်ဆို့အရေးယူမှုတွေ၊ အင်အားသုံးကျူးကျော်မှုတွေကို ကျင့်သုံးနေပါတယ်။ အနောက်ဒီမိုကရေစီ ချက်ချင်းပုံတူကူးရေးလမ်းဟာ စီးပွားရေး တိုးတက်စရာမလိုဘဲ အပေါ်ထပ်နိုင်ငံရေး (ဒီမိုကရေစီ) ရှေ့တန်းတင် ပြောင်းလဲရေးပင် ဖြစ်ပါတယ်။ အခုလိုအမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေ လိုလားနေတဲ့ ပြုပြင်ပြောင်းလဲရေးလမ်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အန္တရာယ်ကြီးမားတဲ့လမ်း ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံရဲ့တည်ဆဲတပ်မတော်အစိုးရဟာ မိမိလူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲနေတာ ဖြစ်ပါတယ်။ ဒုတိယအမျိုးအစား ဒီမိုကရေစီတော်လှန်ရေးမျိုး ဆင်နွှဲနေတာ ဖြစ်ပါတယ်။ ဒီအပေါ် အနောက်ဥရောပ ဒီမိုကရေစီကို ချက်ချင်းပုံတူကူး မကျင့်သုံးရကောင်းလား၊ သူတို့ပြောသလိုလိုက်မလုပ်ရကောင်းလားဆိုပြီး အမေရိကန်နဲ့ အနောက် အုပ်စု အပေါင်းပါတွေက မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာတဲ့ အကူအညီတွေ ဖြတ်တောက်ထားပါတယ်။ စီးပွားရေးပိတ်ဆို့ အရေးယူထားပါတယ်။ သူတို့ အလိုကျ ပြည်တွင်းအင်အားစုအချို့ဘက်က တစ်ဖက်သတ် ရပ်တည်နေ ပါတယ်။ သက်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံရဲ့ ထူးခြားချက်များကို လျစ်လျူရှုပြီး ဒီနိုင်ငံအပေါ် မိမိတို့ရဲ့ ဒီမိုကရေစီစံသွတ်သွင်းမှုဟာ ဘယ်လိုမှ ဒီမိုကရေစီ မကျဖူးဆိုတာကို ဆင်ခြင်သင့်ပါတယ်။ အခြေအနေအရပ်ရပ်တွင် အချိန်မရွေး နတ်ရေကန်ထဲချသလို ကျင့်သုံးနိုင်တဲ့ဒီမိုကရေစီမျိုး ကမ္ဘာတွင် မရှိသေးလို့ ဖြစ်ပါတယ်။ **ဒီမိုကရေစီဆိုတာ လိုင်စင်ထုတ်ပေးလို့ရတဲ့ အလုပ်မျိုး မဟုတ်ပါ။ ဒီကနေ့ မြန်မာနိုင်ငံမှာ မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး အလုပ်စခန်းသို့ တက်လှမ်းနေမှုကို မျက်မြင်ဒိဋ္ဌတွေ့နေပါလျက်နဲ့ အမေရိကန်တို့ တစ်ဖက်သတ် ပါဝင်စွက်ဖက်နေမှုဟာ ပြည်တွင်း ပဋိပက္ခတွေ ကြီးထွားလာအောင် မီးမွှေးပေးနေတာဖြစ်ပါတယ်။**

ဒါ့ကြောင့် ၁၉၅၀ပြည့်နှစ်ဝန်းကျင်က မြန်မာနိုင်ငံအတွင်းသို့ တရုတ်ဖြူကေအမ်တီတပ်များ ကျူးကျော်ဝင်ရောက်ခဲ့စဉ်က အမေရိကန်စီအိုင်အေတို့ ပါဝင်ပတ်သက်ခဲ့မှုများကို ပြန်လည်သတိရမိပါတယ်။ ဒါ့အပြင် ၁၉၇၀ပြည့်နှစ်က စီအိုင်အေ ညွှန်ကြားရေးမှူး ဝီလျံကိုဘီရဲ့ အမေရိကန်လွှတ်တော်သို့ အစီရင်ခံစာမှာပါတဲ့ အချက်အလက်အချို့ကိုလဲ အခုလို သတိရမိပါတယ်။ အဲဒီမှာ "ချီလီနိုင်ငံအတွင်း အမေရိကန်သုံးစွဲခဲ့တဲ့ ငွေကြေးပမာဏဟာ ဒေါ်လာ ရှစ်သန်းရှိကြောင်း ဖော်ပြခဲ့ပါတယ်" ဒေါ်လာရှစ်သန်းအကုန်ခံပြီး ဆိုရှယ်လစ်သမ္မတအာယန်ဒေးကို ဖြုတ်ချသတ်ဖြတ်ခဲ့တယ်လို့ ဆိုလိုခြင်း ဖြစ်တယ်။ ကိုဘီရဲ့ အစီရင်ခံချက်အရ ၁၉၇၀ပြည့်နှစ် ချီလီနိုင်ငံ ရွေးကောက်ပွဲတွင် အမေရိကန်လိုလားတဲ့ လက်ယာနိုင်ငံရေးပါတီများ အနိုင်ရရှိရန် သုံးစွဲခဲ့တဲ့ငွေဟာ ဒေါ်လာငါးသိန်း၊ ပါလီမန်အမတ်များကို လက်ဆောင်ပေး (လာဘ်ထိုး)ရတဲ့ ငွေဟာ ဒေါ်လာသုံးသိန်းခွဲဖြစ်တယ်လို့ ဖော်ပြခဲ့ပါတယ်။ ဒါဟာ အမေရိကန်အပေါ် နိုင်ငံတကာက သတိထားရမယ့် အချက်ဖြစ်နေပါတယ်။

၂၀၀၃ခုနှစ် မတ်လ၂၄ရက်နေ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူ မြို့တော်ရှိ မလေးရှားပါလီမန်တွင် အဲဒီတုန်းက မလေးရှားဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်က အီရတ်အရေးနဲ့ ပတ်သက်လို့ အခုလိုမိန့်ခွန်းပြောခဲ့ဖူးပါတယ်။

> "အမေရိကန်ပြည်ထောင်စုရဲ့အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုဟာ သတ္တိနည်းသရဲဘောကြောင်သော ပဒေသရာဇ်စနစ်ရဲ့ လုပ်ရပ် ဖြစ်တယ်။ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာချုပ်သည် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ချုပ်ဆိုထားသော စာချုပ်များသည်လည်းကောင်း ဘယ်လိုမှ အဓိပ္ပာယ်သက်ရောက်မှု ရှိတော့မယ်မဟုတ်။ ကျောက်ခေတ်လူသား တို့ရဲ့ အပြုအမူများလိုပင် အင်အား ကြီးမားသူက မှန်တယ်ဆိုတဲ့ အတိုင်း၊ မှားယွင်းခြင်း၊ မှန်ကန်ခြင်းများကို အဆုံးအဖြတ်ပေးတဲ့ နိယာမတရားက လွှမ်းမိုးနေပေပြီ။"

ဒီကနေ့ အမေရိကန်နိုင်ငံဟာ အရင်းရှင်လူမှုစနစ်မှ မြေရှင်လူမှုစနစ်သို့ နောက်ကြောင်းပြန်လှည့်နေပါတယ်။ ဒါ့ကြောင့် အမေရိကန် မြေရှင်စနစ်ရဲ့ လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးအန္တရာယ်ကို နိုင်ငံတကာမှာ ကြုံတွေ့လာနေရပါတယ်။ ဒါနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး အံ့ဖွယ် စီးပွားရေးဖြစ်ထွန်းနေတဲ့ တရုတ်ပြည်ကြီးရဲ့ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သဘောထားခံယူချက်များကို အခုလိုတွေ့နိုင်ပါတယ်–

> "ရှေးရှည်ကာလတစ်လျှောက် ကုလသမဂ္ဂ လူ့အခွင့်အရေးနယ်ပယ်ရှိ လှုပ်ရှားမှုများတွင် တရုတ်ပြည်အနေဖြင့် မည်သည့်နိုင်ငံကမဆို လူ့အခွင့်အရေး ပြဿနာကို အသုံးချ၍ မိမိ၏တန်ဖိုးအမြင်၊ တွေးခေါ်မြော်မြင်ပုံ၊ နိုင်ငံရေး သတ်မှတ်စံနှင့် ဖွံ့ဖြိုးရေးပုံစံကို ကျင့်သုံးရန် တိုက်တွန်းခြင်းကို လည်းကောင်း၊ လူ့အခွင့်အရေးပြဿနာကို အကြောင်းပြု၍ တစ်ပါး ဆက်ဆံမှု၏ နယ်ပယ်မှန်သမျှတွင် ကျင့်သုံးရန် သင့်လျော်သဖြင့် လူ့အခွင့်အရေး ပြဿနာတွင်လည်း ဓမ္မတာအတိုင်းပင် ကျင့်သုံးရန် သင့်လျော်ကြောင်း တရုတ်ပြည်က တစ်သမတ်တည်း ယူဆသည်။

"ကုလသမဂ္ဂပဋိညာဉ်စာတမ်း ပုဒ်မ (၂) အပိုဒ်(၇)တွင် ဤပဋိညာဉ်စာတမ်းသည် အနှစ်သာရအားဖြင့် မည်သည့်နိုင်ငံ၏ ပြည်တွင်းအုပ်ချုပ်မှု အဝန်းအဝိုင်းအတွင်းမှ အရေးကိစ္စများကို ကုလသမဂ္ဂအား ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာ အပ်နှင်းသည်ဟု မမှတ်ယူရ"ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ကုလသမဂ္ဂက အတည်ပြုသော "အနိုင် နိုင်ငံ၏ ပြည်တွင်းရေးများကို စွက်ဖက်ခွင့်မရှိရေးနှင့် ယင်းတို့၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြေညာစာတမ်း"၊ "ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်အညီ အနိုင် နိုင်ငံတို့ ချစ်ကြည်ရေး ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေမူများနှင့်ပတ်သက်သော ကြေညာစာတမ်း"၊ "အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခွင့်မရှိရေးနှင့် ကြားဝင်လုပ်ဆောင်ခွင့်မရှိရေး ကြေညာစာတမ်း"တို့တွင် "မည်သည့်နိုင်ငံ၊ သို့မဟုတ် နိုင်ငံများအုပ်စုကမျှ မည်သို့သောအကြောင်းဖြင့်ပင် ဖြစ်စေ၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးရာတို့ကို တိုက်ရိုက်၊ သို့မဟုတ် သွယ်ဝိုက်စွက်ဖက်ခွင့်မရှိ"ဟူ၍လည်းကောင်း၊ "အနိုင် နိုင်ငံတို့သည် လူ့အခွင့်အရေးပြဿနာကို အသုံးပြု၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ဖြစ်စေ၍သော်လည်းကောင်း အခြားနိုင်ငံ၊ သို့မဟုတ် နိုင်ငံများအုပ်စုအတွင်းပိုင်း၊ သို့မဟုတ် အချင်းချင်းအကြားသံသယဖြစ်မှုများနှင့် ရှုပ်ထွေးမှုများကို ဖန်တီးသည့် လက်သုံးနည်းအဖြစ် အသုံးချခြင်းကို ရှောင်ရှားသည့် တာဝန်ဝတ္တရားရှိကြသည်"ဟူ၍ လည်းကောင်း ရှင်းလင်းတိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားသည်။ အဆိုပါ နိုင်ငံတကာ သဘောတူစာတမ်းများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များသည် နိုင်ငံတကာ ဥပဒေအခြေခံ သတ်မှတ်စံများနှင့် နိုင်ငံတကာ ပုံမှန်ဆက်ဆံမှုတို့ကို နိုင်ငံအများစုကြီးက ထိန်းသိမ်းကာကွယ်လိုသောဆန္ဒကို ထင်ဟပ်ဖော်ပြနေရာ နိုင်ငံတကာ လူ့အခွင့်အရေး လှုပ်ရှားမှုများတွင် လိုက်နာရမည့် အခြေခံမှုများဖြစ်သည်။

**ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်း ပေါ်ပေါက်လာချိန်ကစပြီး ဩဇာခံပြုမှု၊ ကိုလိုနီပြုမှု စနစ်ဆိုးတွေကိုလဲ နိုင်ငံတကာ လူ့အဖွဲ့အစည်းက တော်လှန်ဖယ်ရှားလာခဲ့ပြီး ဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံတကာ ကျင့်စဉ်တွေအပေါ် အတုယူသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် ပြည်ပတွန်းအား၊ ဖိအားတွေနဲ့ ဒီမိုကရေစီ မထူထောင်နိုင်၊ ပြည်ပက ကျူးကျော်သိမ်းပိုက်မှုနဲ့လဲ ဒီမိုကရေစီမထွန်းကားနိုင်၊ ပြည်တွင်း အရေးမှန်သမျှ ပြည်တွင်းမှာသာ တည်တယ်။**

နိုင်ငံများ၊ အထူးသဖြင့် ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံ အမြောက်အမြား၏ အချုပ်အခြာအာဏာပိုင်မှုနှင့် ဂုဏ်သိက္ခာ ထိခိုက်စေခြင်းကိုလည်းကောင်း ပြတ်ပြတ်သားသား ဆန့်ကျင်လာခဲ့သည်။ ယင်းနှင့် ပတ်သက်၍ တရုတ်ပြည်သည် ကျယ်ပြန့်သော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်အတူ ပြတ်သားခိုင်မာစွာ တိုက်ပွဲဝင်လာခဲ့သည်။ တရားမျှတမှုဘက်မှ ရပ်တည်လာခဲ့သည်။ တရားသည့်ဘက်မှ ပြောဆိုလာခဲ့သည်။ လူ့အခွင့်အရေးပြဿနာသည် အနှစ်သာရအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းအုပ်ချုပ်မှုနှင့်ဆိုင်သော ပြဿနာတစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော် အချုပ်အခြာအာဏာပိုင်မှုကို လေးစားရေးနှင့် ပြည်တွင်းရေး မစွက်ဖက်ရေးတို့သည် အများအသိအမှတ်ပြုထားသော နိုင်ငံတကာဥပဒေ သတ်မှတ်စံများဖြစ်ရာ နိုင်ငံတကာ

အခုလို နိုင်ငံတကာ အကျိုးစီးပွားကို ဖောက်ဖျက်ပြီး ကိုယ်ကျိုးစီးပွားတည်ဆောက်နေတဲ့ အမေရိကန်နိုင်ငံအဖို့ နိုင်ငံတကာ ပြည်သူတို့ရဲ့ ဝိုင်းပယ်မှုကို ပိုမိုကြုံလာရမယ်သာ ဖြစ်ပါတယ်။ **ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်း ပေါ်ပေါက်လာချိန်ကစပြီး ဩဇာခံပြုမှု၊ ကိုလိုနီပြုမှု စနစ်ဆိုးတွေကိုလဲ နိုင်ငံတကာ လူ့အဖွဲ့အစည်းက တော်လှန်ဖယ်ရှားလာခဲ့ပြီး ဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေအနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ နိုင်ငံတကာ ကျင့်စဉ်တွေအပေါ် အတုယူသင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံတွင် ပြည်ပတွန်းအား၊ ဖိအားတွေနဲ့ ဒီမိုကရေစီ မထူထောင်နိုင်၊ ပြည်ပက ကျူးကျော်သိမ်းပိုက်မှုနဲ့လဲ ဒီမိုကရေစီ မထွန်းကားနိုင်၊ ပြည်တွင်း အရေးမှန်သမျှ ပြည်တွင်းမှာသာ တည်တယ်**ဆိုတာကို သင်ခန်းစာယူဖို့ ဖြစ်ပါတယ်။ ။

## စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်လုပ်ငန်းများစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၉

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၆ရက် နံနက်ပိုင်းက ပဲခူးတိုင်း(အနောက်ပိုင်း) အတွင်းရှိ မြို့နယ်များ၏ မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်းများ၊ ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုနှင့် မြို့သာယာလှပရေးလုပ်ငန်းများအား သွားရောက်စစ်ဆေးခဲ့သည်။**

### လက်ပံတန်းမြို့နယ်

ရှေးဦးစွာ လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိမှ မြို့ပြနှင့်ကျေးလက် စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

ထိုမှ မြို့သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး၊ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေကျပ် ၁၆ သိန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့သောအရှည်ပေ၁၈၀၀၊ အကျယ် ၁၀ပေ ရှိ ရေင်–မကျီးကွင်း ကျေးလက်ဂဝံလမ်းအား ကြည့်ရှုစစ်ဆေးခဲ့သည်။

### မင်းလှမြို့နယ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ဝက်လှကြီး–ဝက်လှလေး ကျေးလက်ဂဝံလမ်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ယင်းကျေးလက်လမ်းမှာ အရှည်ပေ ၁၁၅၀၊ အကျယ် ၁၀ပေရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၉၄၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ထိုမှတစ်ဆင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေရှိ ဈေးချိုတန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းပြီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာနှင့် သဲကုန်းမြို့နယ် ဝက်ပုတ်ကျေးရွာရှိ ကျေးလက်အိမ်ရာများ တည်ဆောက်မှု အခြေအနေများကို စစ်ဆေးကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၇ ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အမှတ်(၅) ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်က နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (၄၂၁)

# ဘဂ္ဂဒက်နှင့် ဘေဂျီမြို့များတွင် တိုက်ခိုက်မှုများဖြစ်ပွား အစိမ်းရောင်ဒေသအား အမေရိကန်တို့က လုံခြုံရေးတပ်လှန့်မှုတိုးမြှင့်

ဘဂ္ဂဒက် အောက်တိုဘာ ၈

**လမ်းဘေး၌ ထောင်ထားသောဗုံးများအပါအဝင် သီးခြားတိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်အရာရှိများက ကြာသပတေးနေ့၌ ပြောကြားသည်။**

ဘဂ္ဂဒက်မြို့လယ်ကောင်၌ ကြာသပတေးနေ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အစိမ်းရောင်ဒေသရှိ အမေရိကန်စစ်ဌာနချုပ်မှ မီးခိုးလုံးများတက်လာခဲ့သည်။ အစိမ်းရောင်ဒေသရှိ စားသောက်ဆိုင်တစ်ခုရှေ့တွင် လက်လုပ်ဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အမေရိကန်တို့က အစိမ်းရောင်ဒေသအား လုံခြုံရေးတပ်လှန့်ခဲ့ပြီး အစောင့်များ ထူထပ်စွာ ချထားခဲ့သည်။

ဖော်လူဂျာမြို့ပြင်တွင် ဗုဒ္ဓဟူးနေ့ညဘက်က အမေရိကန်စစ်ယာဉ်တန်းအနီး ဗုံးပေါက်ကွဲခဲ့မှုကြောင့် အမှတ် (၁၃)ထောက်ပို့ဌာနချုပ်မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့သည်။ ဘေဂျီအနီး၌ ကင်းလှည့်တပ်ဖွဲ့အား လမ်းဘေးဗုံးဖြင့် ခုခံတိုက်ခိုက်ရေးသမားတို့က တိုက်ခိုက်ခဲ့ရာတွင် အမှတ်(၁) ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အီရတ်စကားပြန်လည်း ဒဏ်ရာရခဲ့သည်။

ဘဂ္ဂဒက်မြို့တောင်ဘက်၌ ခုခံတိုက်ခိုက်ရေးသမားများနှင့် ယခု သီတင်းပတ်အတွင်း ဖြစ်ပွားခဲ့သည့်တိုက်ပွဲတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးပြီး အီရတ်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**



ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန် စစ်ဌာနချုပ်အနီး မီးခိုးလုံးများတက်နေသည်ကို အောက်တိုဘာ ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




## လွဲမှားသောလမ်းကြောင်းသို့ အမေရိကန်ဦးတည်နေ ကယ်လီဖိုးနီးယား၌ ယုံကြည်ယူဆသူများ စံချိန်တင်များပြား

လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၈

**အမေရိကန်ပြည်ထောင်စုသည် လွဲမှားသောလမ်းကြောင်းဆီသို့ ဦးတည်သွားနေကြောင်း ယုံကြည်သူ မဲဆန္ဒရှင်အရေအတွက်သည် လူဦးရေထူထပ်သော ကယ်လီဖိုးနီးယားပြည်နယ်တွင် စံချိန်တင်များပြားခဲ့သည်။**

အမေရိကန်ပြည်ထောင်စုသည် လွဲမှားသော လမ်းကြောင်းပေါ်ရောက်နေကြောင်း ယုံကြည်သူ ကယ်လီဖိုးနီးယားပြည်နယ်သား အရေအတွက်သည် ၅၈ရာခိုင်နှုန်းခန့်မျှရှိခဲ့သည်။

**ဖော်ပြ**

ကယ်လီဖိုးနီးယား ပြည်နယ်သားတို့သည် အကြမ်းဖက်မှု၊ အီရတ်စစ်ပွဲနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိခဲ့ကြသည်ကို ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သော ဖီးလ်လူထုသဘောထားကောက်ခံချက်၌ ဖော်ပြထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ဘုရှ်သည် ၎င်းအပေါ်ထောက်ခံမှု၊ စံချိန်တင်ကျဆင်းမှုနှင့် ဆက်လက်ကြုံတွေ့ခဲ့ရာ မဲဆန္ဒရှင် ၅၄ရာခိုင်နှုန်းက ဘုရှ်၏ လုပ်ငန်းဆောင်ရွက်ပုံကို သဘောမကျကြောင်း ပြောဆိုခဲ့ကြသည်။

**မအောင်မြင်**

ဘုရှ်သည် လွန်ခဲ့သည့်လေးနှစ်က ကယ်လီဖိုးနီးယားပြည်နယ်၌ နောက်ဆုံး မဲဆွယ်စည်းရုံးခဲ့ရာတွင် အောင်မြင်မှုမရခဲ့ဘဲ ရှိခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အီရတ်သို့ကုလဝန်ထမ်းများစေလွှတ်ရန် အန္တရာယ်များလွန်း

**ကုလသမဂ္ဂ အောက်တိုဘာ ၈**

လာမည့် ဇန်နဝါရီလတွင် ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုကို အထောက်အကူပေးရန်နိုင်ငံတကာမှ ဖိအားပေးနေလင့်ကစား အီရတ်သို့ ကုလသမဂ္ဂအမှုထမ်းများ စေလွှတ်ရန်မှာ အန္တရာယ်များလွန်းနေကြောင်း ကုလသမဂ္ဂ ဝန်ထမ်း ၆၀၀၀၀ ကျော်ကို ကိုယ်စားပြုသည့်အဖွဲ့များက ဗုဒ္ဓဟူးနေ့တွင် သတိပေးလိုက်သည်။

အီရတ်တွင် လုံခြုံရေးအခြေအနေ တိုးတက်မှုမရှိမချင်း ကုလသမဂ္ဂဝန်ထမ်းများကို စေလွှတ်ခြင်းမပြုရန်နှင့် အီရတ်၌ ရှိနေသည့် ဒါဇင်အနည်းငယ်မျှရှိသော ကုလသမဂ္ဂဆိုင်ရာ နိုင်ငံတကာ ဝန်ထမ်းများကိုလည်း ရုပ်သိမ်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်အား အဆိုပါ ကိုယ်စားလှယ်အဖွဲ့များက တိုက်တွန်းတောင်းဆိုခဲ့ကြသည်။

အီရတ်နိုင်ငံတွင် ယခုအခါ ကုလသမဂ္ဂဆိုင်ရာ နိုင်ငံတကာဝန်ထမ်း ၃၅ဦးထက်မနည်း ရှိကြောင်း၊ သို့သော်လည်း ၎င်းတို့၏ အနေအထားကို နေ့စဉ်နေ့တိုင်း ဝေဖန်သုံးသပ်နေရကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သည့် အီဟက်က သတင်းထောက်များအား ပြောကြားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## ရာမာဒီ၌ ကန်စစ်ယာဉ်တန်းအား ဗုံးခွဲတိုက်ခိုက်

**ဘဂ္ဂဒက် အောက်တိုဘာ ၈**

အီရတ်နိုင်ငံ အနောက်ပိုင်းရှိ ရာမာဒီမြို့တွင် အင်္ဂါနေ့က အမေရိကန်စစ်ယာဉ်တန်းတစ်ခုကို ပစ်မှတ်ထားပြီး ကားဗုံးဖောက်ခွဲခဲ့ရာ အီရတ်နှစ်ဦးသေဆုံးပြီး အနည်းဆုံးလူလေးဦး ဒဏ်ရာရရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

ယင်းပေါက်ကွဲမှုမှာ ရာမာဒီမြို့လယ်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စစ်ယာဉ်တန်းပျက်စီးမှုမရှိကြောင်း ၎င်းတို့က ပြောကြားသည်။

**ထိန်းချုပ်**

အဆိုပါ မတော်တဆမှုကို အမေရိကန်စစ်ဘက်က ထင်မြင်ချက်ပေးခြင်းမရှိပေ။ ရာမာဒီမြို့သည် အမေရိကန်နှင့် အပေါင်းပါများကို အီရတ်တပ်များက အပြင်းအထန် ခုခံတိုက်ခိုက်နေသော ပြောက်ကျားတို့ ထိန်းချုပ်ထားသည့် မြို့တစ်မြို့ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## လုံခြုံရေးဆောင်ရွက်

**ဖော်လူဂျာမြို့တွင် အမေရိကန်စစ်ယာဉ်တန်း တစ်ခု တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ဖော်လူဂျာမြို့အနီး၌ ကန်စစ်ယာဉ်တန်းတိုက်ခိုက်ခံရ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် အောက်တိုဘာ ၇**

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အနီး၌ အမေရိကန်စစ်ယာဉ်တန်းတစ်ခု ညဘက်တွင် တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**ဖောက်ခွဲတိုက်ခိုက်**

အဆိုပါ အမေရိကန်စစ်ယာဉ်တန်းသည် ဗုဒ္ဓဟူးနေ့ညဘက် ဒေသစံတော်ချိန် ၂၁း၄၅ နာရီ၌ လက်လုပ်ဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးအား စစ်ဆေးရုံသို့ပို့ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦးမှာ ရရှိခဲ့သောဒဏ်ရာဖြင့် နောက်ပိုင်း၌ သေဆုံးသွားခဲ့သည်။

**၁၀၆၅ ဦးရှိပြီ**

ပင်တဂွန်ကထုတ်ပြန်သည့် နောက်ဆုံးကိန်းဂဏန်းအရ အီရတ်ကိုကျူးကျော်ခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၀၆၅ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



## ဘဂ္ဂဒက်ရှိ ရှယ်ရတန်ဟိုတယ် ဒုံးကျည်များဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၈

**ဘဂ္ဂဒက်မြို့တွင် နိုင်ငံခြားသား ကန်ထရိုက်များနှင့်သတင်းစာဆရာများ တည်းခိုသော ဘဂ္ဂဒက်ဟိုတယ်တစ်ခုသည် ကြာသပတေးနေ့ည၌ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်းခံခဲ့ရရာ ဘဂ္ဂဒက်မြို့လယ်ကောင်တွင် လုံခြုံရေးကင်းမဲ့မှု အခြေအနေကို မီးမောင်းထိုးပြခဲ့သည်။**

ထို့ပြင် ကြာသပတေးနေ့တွင် ဘဂ္ဂဒက်မြို့ပြင်၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့်လည်း အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးသွားခဲ့သည်။

ထိုကြာသပတေးနေ့ညက ရှယ်ရတန်ဟိုတယ်သည် ကတ်ယူရှား ဒုံးကျည်သုံးလုံး ထိမှန်ခြင်းခံခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ထိုသို့ ဒုံးကျည်များ ထိမှန်ခြင်းခံခဲ့ရသော်လည်း သေဆုံးမှုသို့မဟုတ် အကြီးအကျယ်ဒဏ်ရာရမှု မရှိကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

ဒုံးကျည်များကို ဖာဒက်စ် ရင်ပြင်အနီး၌ ရပ်ထားသော ကားတစ်စီး၏ နောက်ဘက်မှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနပြောခွင့်ရှိသူ ဗိုလ်မှူးကြီးအက်ဒ်နန်အဗ္ဗဒူရာမန်ကပြောကြားသည်။ ကြာသပတေးနေ့ အစောပိုင်းကလည်းအစိမ်းရောင်ဒေသအတွင်း၌ စိန်ပြောင်းကျည်တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သော်လည်း ပျက်စီးမှုနှင့် ဒဏ်ရာရရှိမှုသတင်း မရရှိဟုသိရသည်။

**(အင်တာနက်)**





**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရန်ကုန်–သီလဝါရထားတွဲဆိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)**

● *ကျောဖုံးမှ*

ရထားတွဲဆိုင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရေတပ်သင်္ဘောကျင်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ပေါ်ထွန်း၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ရန်ကုန်တိုင်း မိဘပြည်သူများ အနေဖြင့်လည်း စေတနာအား၊ ဝီရိယအား၊ ကာယအား၊ ဉာဏအားများနှင့် အင်တိုက်အားတိုက် ပါဝင်ခဲ့သည့်အတွက် ရန်ကုန်တိုင်း၏အခန်းကဏ္ဍ အသီးသီးတွင်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိခဲ့ပါကြောင်း။

## မှတ်တမ်းတင်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအနေဖြင့် နိုင်ငံ့အကြီးအကဲများ၏ လမ်းညွှန်မှုအပေါ် အခြေခံပြီး အဆင့်ဆင့်သော စီမံချက်များနှင့် ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းထမ်းဆောင်ရာတွင် မိဘပြည်သူများ၏ စီးပွားရေးဘဝ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အခြေအနေများကိုပါ အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ဤကြိုးပမ်းမှုများကို အားဖြည့်သည့်အနေဖြင့် ယနေ့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ရထားတွဲဆိုင်းသစ်များနှင့် မိဘပြည်သူများ၏ သွားရေးလာမှု အဆင်ပြေစေရန်အတွက် ဆောင်ရွက်ချက်ကို အထူး ကျေးဇူးတင်ရှိပါကြောင်းနှင့် ဤရထားတွဲဆိုင်းသစ်ကို တည်ဆောက် ပြုပြင်ပေးကြသည့် မြန်မာ့မီးရထားဝန်ထမ်းများ၏ အားမာန်နှင့် စွမ်းပကားများကိုလည်း မှတ်တမ်းတင်ပါကြောင်း ပြောကြားလိုပါကြောင်း။

ဤဒေသသည် မကြာမီနှစ်များတွင် အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်း)နှင့် ဆက်စပ်ယှဉ်တွဲပြီး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများ ရှိနေသည့် နယ်မြေလည်းဖြစ်ကြောင်း။

## လက်တွဲဆောင်ရွက်

ဤအလားအလာကောင်းများ အောင်မြင်စွာ ပေါ်ပေါက်လာရေးအတွက် မိဘပြည်သူများအနေဖြင့် ယခင်အစဉ်အလာကောင်းများအတိုင်း ဒေသအာဏာပိုင်များ၊ အစိုးရဌာနများ၊ လူမှုရေး အသင်းအဖွဲ့များနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ပေးပါဟု ပန်ကြားနှိုးဆော်လိုပါကြောင်း။

ရထားတွဲဆိုင်းသစ် ပြေးဆွဲနိုင်ရေးအတွက် အောင်မြင်စွာ တည်ဆောက်ပေးခဲ့သည့် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ကွ ရောက်အားပေးကြသည့် မိဘပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျောင်းသူကျောင်းသား၊ ဆရာဆရာမများကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရထားတွဲဆိုင်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ရန်ကုန်မြို့နေ ပြည်သူများ သွားလာရေး အဆင်ပြေစေရန်အတွက် နေ့စဉ် မြို့ပတ်နှင့် ဆင်ခြေဖုံးရထား ၁၆၂ စင်း ပြေးဆွဲပေးလျက်ရှိရာ သန်လျင် အုတ်ဖိုစုဘူတာအထိ ရထားအသွားအပြန်ခြောက်ခေါက်၊ သီလဝါဘူတာအထိ ရထားအသွားအပြန် လေးခေါက်တို့ အပါအဝင်ဖြစ်ပါကြောင်း။

သီလဝါဒေသသည် အဆင့်မြင့်ဆိပ်ကမ်းများ တည်ရှိပြီး နောင်ဖွင့်လှစ်မည့် အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်း)နှင့်ဆက်စပ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည့် ဒေသဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် သီလဝါဒေသကို ရထားလမ်း တိုးချဲ့ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ အုတ်ဖိုစု–သီလဝါ ရထားလမ်းသည် ၈ ဒသမ ၃၃ မိုင်ရှည်လျားပြီး ၂၀၀၃ ခုနှစ်က တပ်မတော်(ရေ)မှ စစ်သည်များ၏ လုပ်အားဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အုတ်ဖိုစု–သီလဝါရထားလမ်းကို ခရီးသည်လူစီးရထားများ အပြင် သီလဝါဆိပ်ကမ်းမှ ကွန်တိန်နာ၊ ကုန်သေတ္တာများကို သယ်ဆောင်ပေးသည့် ကုန်ရထားများပါ သွားရောက်နိုင်ရန် စီစဉ်ထားပါကြောင်း။

နိုင်ငံတော်အကြီးအကဲက ပြည်သူများကို ဝန်ဆောင်မှုပေးနေသော ရထားပြေးဆွဲရေးလုပ်ငန်းများ အဆင့်မြှင့်တင်ရေး၊ ပြည်ပမှ မှာယူတင်သွင်းနေရသည့် စက်ခေါင်းနှင့်တွဲများကို ပြည်တွင်းမှာပင် တီထွင်ထုတ်လုပ်သုံးစွဲနိုင်ရေး စသည့် လမ်းညွှန်ချက်များချမှတ်ပေးခဲ့ပါကြောင်း၊နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ ယခုတွဲဆိုင်းအသစ်၌ ပါရှိသည့် လူစီးတွဲ လေးတွဲမှာ မြန်မာ့မီးရထား မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံက (အစ–အဆုံး)တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

မြန်မာ့မီးရထားအနေဖြင့် အလားတူ အဆင့်မြင့် ရထားတွဲဆိုင်းများကို ဆက်လက်ထုတ်လုပ်ပြီး အခြားမြို့ပတ် တွဲဆိုင်းများကို အစားထိုးပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များသည် ရထားတွဲဆိုင်းသစ် ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြပြီး ရန်ကုန်–သီလဝါရထားတွဲဆိုင်းသစ်ကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် ရန်ကုန်–သီလဝါ ရထားတွဲဆိုင်းသစ်၏ စက်ခေါင်းနှင့် လူစီးတွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တွဲဆိုင်းသစ် စတင်အသုံးပြုခြင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် ရန်ကုန်–သီလဝါ ရထားတွဲဆိုင်းသစ် စတင်အသုံးပြုသည့် ရထားတွဲဆိုင်းသစ်ဖြင့် သီလဝါဘူတာမှ ရန်ကုန်–သန်လျင် တံတားကြီးကို ဖြတ်ကျော်လျက် ကွေ့မ ဘူတာအထိ လိုက်ပါစီးနင်းကြပြီး သီလဝါ–အုတ်ဖိုစု–အောင်သုခ–ကွေ့မဘူတာစဉ်တစ်လျှောက် ရထားလမ်းပိုင်းအခြေအနေနှင့် ရထားလမ်းဘေးဝဲယာ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဒေသခံလူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ပြည်သူများက အိုးစည်ဒိုးပတ် အကအခုန်တို့ဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြည့်ရှုစစ်ဆေး

ရန်ကုန်–သီလဝါ ရထားတွဲဆိုင်းသစ် စတင်အသုံးပြုခြင်း အခမ်းအနားဖွင့်ပွဲမတိုင်မီ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများသည် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)၌ ကုန်သေတ္တာများကို မြန်မာ့မီးရထားမှ ကုန်တင်ရထားတွဲ ဆိုင်းများပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

## စီစဉ်ဖောက်လုပ်

အဆိုပါ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)မှ ကုန်သေတ္တာများကို ရန်ကုန်မြို့သို့ ပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်ရေးနှင့် လုံခြုံမှုရှိစေရေးတို့အတွက် မြန်မာ့မီးရထားက ကုန်တင်ရထားနှင့် ရထားလမ်းများကို စီစဉ်ဖောက်လုပ်၍ သီလဝါ–ရန်ကုန်ရထားလမ်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုစတင် အသုံးပြုသော ရန်ကုန်–သီလဝါရထားတွဲဆိုင်းသစ်သည် ပြည်ပလုပ် Diesel Engine Rating. 246 31HP အင်အားရှိ ဒီဇယ်အင်ဂျင်အမျိုးအစား ရထားစက်ခေါင်းတွဲနှစ်တွဲနှင့် မြန်မာ့မီးရထား မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံက ထုတ်လုပ်သော လူစီးတွဲလေးတွဲတို့ ပါဝင်သော ရထားတွဲဆိုင်း ဖြစ်သည်။

## တွဲဆိုင်းသစ်

ယခုအခါ မြန်မာ့မီးရထားက ရန်ကုန်မြို့နေ ပြည်သူများ ကူးသန်းသွားလာမှု လွယ်ကူအဆင်ပြေစေရန် ဆင်ခြေဖုံးရထားများ ပြေးဆွဲပေးလျက်ရှိရာတွင် သန်လျင်–သီလဝါဒေသသို့ လွယ်ကူစွာ ဆက်သွယ်သွားလာရန် ရန်ကုန်–အုတ်ဖိုစုအထိ အသွားအပြန် ခြောက်ခေါက်၊ ရန်ကုန်–သီလဝါ အသွားအပြန် လေးခေါက် စုစုပေါင်း ရထား ၁၀ခေါက် ပြေးဆွဲပေးလျက်ရှိပြီး ယခုစတင်အသုံးပြုသော ရထားတွဲဆိုင်းသစ်များကို ရန်ကုန်–သီလဝါ လမ်းပိုင်းတွင်အသုံးပြုမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မေတ္တာဝါဒီဟင်္သာတကျောင်းတိုက် အလှူငွေများလှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်း လှိုင်မြို့နယ်(၁၆) ရပ်ကွက် မာလာမြိုင် ၁၀လမ်း မေတ္တာဝါဒီ ဟင်္သာတ(ပရဟိတ) ကျောင်းတိုက်သို့ အလှူငွေများ လှူဒါန်းပွဲ ကျင်းပရာ အမှတ်၂၁၈ သမိုင်းဘူတာရုံလမ်း (၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဧရာအောင်သက်န်းတိုက် ဦးသန်းညွန့်–ဒေါ်စန်း သားသမီး မြေးတို့က မိဘများကိုရည်စူး၍ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်ကြီးရှိ ကိုးပေအမြင့် တိုင်တစ်လုံးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ(အစိုးရမွှာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ မဟာဒွါရ)သို့လှူဒါန်းကြောင်းသိရသည်။ **(က–ပ)**





## အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၉**

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်(NDCG)၂၀၀၃–၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံတွင်ကျင်းပရာ ဥက္ကဋ္ဌဒေါက်တာခင်ရွှေ ဦးဆောင်သော ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။ အခမ်းအနားမှူးအဖြစ် (NDCG)အမှုဆောင်အရာရှိချုပ် ဗိုလ်မှူးနှင်းဇော်(ငြိမ်း)နှင့် MRTV ဦးလှဝင်းတို့က ဆောင်ရွက်ကြသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ ဒေါက်တာခင်ရွှေ**(အပေါ်ပုံ)**က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ အထွေထွေ အတွင်းရေးမှူး ဦးသန်းမြင့်(အေးရိပ်မွန်)က အစည်းအဝေးကျင်းပရခြင်းအကြောင်းနှင့် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်သည် အများပိုင်ကုမ္ပဏီဖြစ်သည့်အတွက် အစုရှယ်ယာဝင်များကို ထိုက်တန်သော အမြတ်ဝေစုများ ခွဲဝေပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### ပြန်လည်ရှင်းလင်း

ထို့နောက် နှစ်ပတ်လည် အစီရင်ခံစာဖတ်ကြားခြင်း၊ စာရင်းစစ် အစီရင်ခံစာဖတ်ကြားခြင်း၊ ဒေါက်တာခင်ရွှေ ဦးဆောင်သည့် ၂၀၀၄–၂၀၀၅ ဒါရိုက်တာအဖွဲ့သစ်ရွေးချယ်ခြင်း၊ အကြံပြုစာများဖြေကြားရှင်းခြင်း၊ အကြံပြုမေးမြန်းမှုများကို ပြန်လည်ရှင်းလင်းခြင်းများပြုလုပ်၍ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ နယ်မြေများသို့ ပြန်ရောက်ကြသည့်အခါ ယခုသင်တန်းတွင်ရရှိခဲ့သော အသိအမြင်များ၊ အတွေးအခေါ်များကို ကျန်ပညာရေးဝန်ထမ်းများအပြင် နီးစပ်ရာမိဘပြည်သူများအား နားလည်သဘောပေါက်အောင် ထပ်ဆင့်မျှဝေ ပြောပြနိုင်ရမှာဖြစ်သကဲ့သို့ မိမိတို့၏ ပညာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကိုလည်း ဤအတွေးသစ်၊ အမြင်သစ်များကို အခြေခံပြီး ဖိဖိစီးစီး ထိထိရောက်ရောက် တက်တက်ကြွကြွ ထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

မျက်မှောက်ကာလသည် ပညာရေးနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၏အလုပ်ဆိုပြီး ကန့်သတ်မထားဘဲ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်နေသည့် ကာလဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၏ ကျောင်းဆောင်များ ပြုပြင်ဆောက်လုပ်သည့် လုပ်ငန်းများနှင့် မာလ်တီမီဒီယာပစ္စည်းများ တပ်ဆင်အသုံးချသည့် လုပ်ငန်းများမှာရော၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးလုပ်ငန်းများမှာပါ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ မိဘပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက သိုင်းသိုင်းဝိုင်းဝိုင်း ပူးပေါင်းအကောင်အထည်ဖော် ပါဝင်နေခြင်းသည် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်ကြီးထဲ၌ တစ်မျိုးသားလုံး ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပါဝင်လာနေသည့် သဘောပင်ဖြစ်ကြောင်း။

## တိုးတက်အောင်မြင်နေ

နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများက ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေရေး လုပ်ငန်းတစ်ခုတည်းမှာပင် နှစ်အလိုက် ပံ့ပိုးလှူဒါန်းထားမှုများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် တစ်နှစ်ထက်တစ်နှစ် တိုးပွားလာနေသည်ကို မြင်တွေ့ရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ ပြည်သူလူထု ပူးပေါင်းပါဝင်နေသည့်အတွက် အသက်(၅)နှစ်အရွယ်ကလေးများ၏ သူငယ်တန်းကျောင်းနေနှုန်းသည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာနေပြီး ယခုနှစ်၌ ကျောင်းနေအရွယ်ကလေးအားလုံးနီးပါး ကျောင်းကိုရောက်နေပြီဟု ခန့်မှန်းတွက်ချက်ရသည်အထိ တိုးတက်အောင်မြင်နေပြီဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာလူမျိုးများ၏ စေတနာ၊ သဒ္ဓါနှင့် ပညာရေးအပေါ်၌ စိတ်ဝင်စားမှုများကြောင့် ပြည်သူလူထု ပူးပေါင်းပါဝင်လာရမည့် ပညာရေးအစီအစဉ်များမှာ မလွဲမသွေ ပြီးမြောက်အောင်မြင်မှာဖြစ်ကြောင်း။

ဤနေရာ၌ ဆရာများ၏ အခန်းကဏ္ဍမှာ ပိုပြီးအရေးပါလာပြီဖြစ်ကြောင်း၊ ဆရာသည် စာသင်ခန်းထဲ၌ စာသင်ကြားနေသော ဆရာအဖြစ်သာမက ရပ်ရွာနှင့်ကျောင်း ဆက်စပ်ညှိနှိုင်းပေးနေသူ၊ ရပ်ကျိုးရွာအကျိုးကို ထမ်းဆောင်နေသော စည်းရုံးဆော်သြသူ စသည့်ဂုဏ်ပုဒ်များကိုပါ ပိုင်ဆိုင်သူအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ယင်းသို့ ရပ်ရွာပြည်သူတို့နှင့် တစ်သားတည်းနီးကြားလှုပ်ရှားနိုင်သူဖြစ်မှလည်း အနာဂတ်မျိုးဆက်သစ်ကျောင်းသားများအတွက် စံပြုနိုင်သည့်ပုဂ္ဂိုလ်၊ အတုယူနိုင်သည့်ပုဂ္ဂိုလ် ဖြစ်မှာဖြစ်ကြောင်း၊ အနာဂတ်အတွက်လိုအပ်သော မျိုးဆက်သစ်များကို ပံ့သွင်းလောင်းနေသည့် ဆရာသည် ရှင်သန်တက်ကြွမှု၊ ဝေဖန်ဆန်းစစ်နိုင်အားနှင့် ဗဟုသုတပြည့်စုံပါမှ တပည့်များ၏အနာဂတ်မှာ ရှင်သန်ပြီး လောက၏စိန်ခေါ်မှုများကို ရဲရဲတင်းတင်း ရင်ဆိုင်နိုင်စွမ်းရှိလာမှာဖြစ်ကြောင်း။

## တန်ဖိုးရှိစွာခံယူ

ခြုံလိုက်လျှင် ပညာရေးစနစ်၌ ဆရာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် အဓိကဇာတ်ကောင်ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားများကို အဆင့်လိုက်၊ အတန်းလိုက် အမှန်တကယ်စာတတ်မြောက်စေရုံသာမက အသိပညာ၊ ဗဟုသုတ၊ ရသပွားများတတ်ပြီး စိတ်ထားမှန်ကန်ရန်၊ ဝီရိယရှိရန်၊ စည်းကမ်းရှိရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိရန် ပြုစုပျိုးထောင်ပေးကြရမည့် တာဝန်များကို ဆရာ ဆရာမတို့၏ မွန်မြတ်လှသော ဘဝပေးတာဝန်များအဖြစ် တန်ဖိုးရှိစွာ ခံယူကြရမှာဖြစ်ကြောင်း။

ပညာရေးစနစ်၌ သင်ရိုးညွှန်းတမ်းများကလည်း ကမ္ဘာ့အဆင့်မီပြီး သင်ကြားမှု၊ သင်ယူမှုထောက်ကူပစ္စည်းများကလည်း ခေတ်မီပြည့်စုံ၍ ကျောင်း၏ဥပဓိရုပ်နှင့် စာသင်ခန်းများကလည်း ကောင်းနေမည်ဆိုလျှင် ကျောင်းသူ ကျောင်းသားများ တော်လာရန်၊ ကောင်းလာရန်အတွက် ဆရာကောင်း၊ ဆရာမကောင်းများပဲ လိုအပ်တော့မှာဖြစ်ကြောင်း။

လက်ရှိအခြေအနေ၌ နိုင်ငံတော်အပိုင်းကလည်း အမျိုးသားပညာရည်မြင့်မားရေးအတွက် လိုအပ်သည့်မူဝါဒများ၊ မြင့်မားသည့်ရည်မှန်းချက်များ၊ လက်တွေ့ကျသည့် စီမံကိန်းများနှင့် အစီအမံများကို ခိုင်ခိုင်မာမာ ညှိနှိုင်းချမှတ်ပြီး လက်တွေ့ရုပ်လုံးဖော်ပေးနေပြီဖြစ်သကဲ့သို့ ပြည်သူလူထုအပိုင်းကလည်း ၎င်းတို့ပါဝင်ရမည့် ပညာရေးလုပ်ငန်းများ၌ အပြည့်အဝ ပူးပေါင်းနေပြီဖြစ်သည့်အတွက် ဆရာ ဆရာမများအပိုင်းကလည်း ယုံကြည်ချက်၊ ခံယူချက်နှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိသည့် သိက္ခာရှိသော ပညာရေးဝန်ထမ်းများဖြစ်အောင် ကျင့်ကြံကြိုးစားကြပြီး အမျိုးသားပညာရေး ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် စေတနာထက်ထက်သန်သန်ဖြင့် ပါဝင်လုပ်ကိုင် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်း။

နိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာနှင့် ဆင်ခြင်တုံတရားများ အဆင့်အတန်းရှိရှိ မြင့်မားလာမှသာ နိုင်ငံတော်ကို တည်ဆောက်ထိန်းသိမ်းနိုင်မှာဖြစ်သကဲ့သို့ ဗြဟ္မစိုရ်တရားနှင့် လောကပါလတရားများကို အခြေခံသည့် စစ်မှန်သော ဒီမိုကရေစီ လူနေမှုဘဝကိုလည်း ထူထောင်စောင့်ရှောက်နိုင်မှာ သေချာကြောင်း။

## လေ့လာပျိုးထောင်နေ

ထို့ကြောင့် ဆရာ ဆရာမတို့အနေဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ရှုမြင်ပြီး နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းရာ၌ တပည့်များ၏ စာပေတတ်မြောက်မှု၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားမှု၊ အကျင့်စာရိတ္တကောင်းမွန်မှုတို့ကို အလေးပေးရမှာဖြစ်သကဲ့သို့ မိမိတို့ဆရာများ၏ စွမ်းဆောင်ရည်၊ အသိပညာနှင့် ဗဟုသုတတို့ကိုလည်း ပြောင်းလဲနေသော ခေတ်ကာလနှင့်အညီ အမြဲမြှင့်တင်နေကြပြီး အမြဲပြန်လည်ဆန်းစစ် လေ့လာပျိုးထောင်နေရမှာဖြစ်ကြောင်း။

တစ်ချိန်တည်းမှာပင် မိမိအပါအဝင်ဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုယ်တိုင်က အသိပညာ၊ ဗဟုသုတရှာဖွေလေ့လာဆန်းစစ်မှုကို အမြဲစိတ်ဝင်တစား ဆောင်ရွက်နေသော လူ့အဖွဲ့အစည်းဖြစ်လာအောင် ဆွဲဆောင်စည်းရုံး လမ်းပြနိုင်ကြရမှာဖြစ်ကြောင်း။

ယခုကဲ့သို့ ဆရာ ဆရာမများ၏ အခန်းကဏ္ဍကို အလေးထားပြီး ရှင်းလင်းပြောဆိုနေရခြင်းမှာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏အခန်းကဏ္ဍကို ထိုက်ထိုက်တန်တန် နားလည်တန်ဖိုးထားနိုင်ပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းကို လက်တွေ့နယ်ပယ်၌ ထိထိရောက်ရောက် ဆက်စပ်အကောင်အထည်ဖော်သွားနိုင်ရန်အတွက်ပင်ဖြစ်ကြောင်း။

## အသက်ဝိညာဉ်

ယနေ့နိုင်ငံတော်၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အားလုံးတွင် ဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ပြီး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ လုပ်ဆောင်နေရခြင်း၏ တကယ့်အဓိပ္ပာယ်မှာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက်ပင်ဖြစ်ကြောင်း၊ ဤအရေးသုံးပါးမှာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော နိုင်ငံသားအားလုံး၏ အသက်ဝိညာဉ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး၏ အေးမြသည့်အရိပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ကြီးမားသည့်အင်အား၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၏ ထက်မြတ်တန်ဖိုးကြီးမားမှုတို့ကို တပည့်များ၏ ရင်ထဲအသည်းထဲ၌ စိမ့်ဝင်နေအောင်၊ နားလည်နေအောင် ရှင်းလင်းပြောဆိုနေကြရမှာ ဖြစ်ကြောင်း။

ဤမူဝါဒများသည် တစ်မျိုးသားလုံး ခံယူရမည့် အခြေခံမူဝါဒများအဖြစ် ကမ္ဘာတည်သရွေ့ ရှင်သန်နေမှာ သေချာလျက်ရှိသည့်အတွက် သားစဉ်မြေးဆက်အထိ အဆင့်ဆင့်လက်ဆင့်ကမ်း အမွေပေးသွားရမည့် မူဝါဒများဖြစ်ကြောင်း။

## ပိုမိုခိုင်မြဲ

အထူးသဖြင့် ပြည်တွင်းပြည်ပ အဖျက်အမှောင့် ပယောဂမျိုးစုံ လုပ်ကြံဖန်တီးနေသည့် ယခုကဲ့သို့ အချိန်အခါ၌ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအုတ်မြစ်ကို ခိုင်ခိုင်မာမာချထားနိုင်ရန် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများနေရန် အထူးလိုအပ်လှကြောင်း၊ တိုင်းရင်းသားလူမျိုးများအကြား၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမှလည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ပိုမိုခိုင်မြဲမှာဖြစ်ကြောင်း။

ထို့ကြောင့်လည်း တပ်မတော်အစိုးရ တာဝန်ယူခဲ့ပြီးချိန်မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အလေးပေးပြီး ဖိဖိစီးစီး စတင်အကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအတွက် ၁၉၈၉-၉၀ခုနှစ်မှ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၅၈၃၀၀ကျော် ကျခံသုံးစွဲခဲ့ပြီးဖြစ်ကြောင်း။

တိုင်းရင်းသားများ အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၌ ကျပ်သန်း၃၅၀၀ခန့်သုံးစွဲခဲ့ပြီး၊ အခြေခံပညာကျောင်းပေါင်း ၇၉၀ ၌ ကျောင်းသားပေါင်း ၁၁၀၀၀၀ကျော် သင်ကြားနေသည်အထိ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အခြားဖွံ့ဖြိုးရေးကျောင်းများကိုလည်း ဖွင့်လှစ်ထားသကဲ့သို့ ရန်ကုန်နှင့် မန္တလေးမြို့တို့၌လည်း တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်များကို ဖွင့်လှစ်ထူထောင်ထားပြီးဖြစ်ကြောင်း။

## ရှင်သန်နေအောင်အလေးပေး

ယင်းပညာရေးကျောင်းများက နယ်စပ်ဒေသများနှင့် အတွင်းပိုင်းဒေသများအကြား၊ တောင်ပေါ်ဒေသများနှင့် မြေပြန့်ဒေသများအကြား အတိတ်၏ဆိုးမွေအဖြစ်ကျန်ရှိနေသည့် ပညာရေးကွာဟချက်ကို လျော့နည်းကျဆင်းသွားစေမှာ သေချာလျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမတို့အပိုင်းကလည်း ခေတ်နောက်ကျရသည့် ဆိုးမွေအပေါ်အကြောင်းပြုပြီး ကိုလိုနီလက်သစ်များ၏ သွေးခွဲသပ်လျှိုနေမှုများကို တိုင်းရင်းသားပြည်သူများအားလုံးက ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် နားလည်သဘောပေါက်နေအောင်၊ တစ်ချိန်တည်းမှပင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မြဲနေအောင်၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်နေအောင် အလေးပေးပျိုးထောင်သွားကြရမှာဖြစ်ကြောင်း၊ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်'** ဆိုသည့် အနှစ်သာရသဘောကို လက်တွေ့ဘဝအတွေ့အကြုံများနှင့်ယှဉ်ပြီး နားလည်သဘောပေါက်နေအောင် အသိပညာပေးနေရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ဆရာ ဆရာမများအနေဖြင့် စာပေသင်ကြားပေးနေသည့် ပုဂ္ဂိုလ်များအဖြစ်သာမက လူ့လောကကောင်းကျိုးအတွက် ကြိုးပမ်းဖော်ဆောင်နေကြသူများ၊ တိုင်းပြည်ကို ပညာအလင်းရောင်ဖြင့် တည်ဆောက်နေသူများအဖြစ် မြတ်နိုးစွာခံယူကျင့်ကြံသွားကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခြင်းအစီအစဉ်ကို ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက

*စာမျက်နှာ ၁၁ ကော်လံ ၁*

## မွန်မြတ်လှသောဘဝပေးတာဝန်များအဖြစ်ခံယူ

- ❒ ပညာရေးစနစ်၌ ဆရာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့် အဓိကဇာတ်ကောင်ဖြစ်၊
- ❒ ဆရာသည် စာသင်ခန်းထဲ၌ စာသင်ကြားနေသော ဆရာအဖြစ်သာမက ရပ်ရွာနှင့်ကျောင်း ဆက်စပ်ညှိနှိုင်းပေးနေသူ၊ ရပ်ကျိုး ရွာအကျိုးကို ထမ်းဆောင်နေသောစည်းရုံးဆော်သြသူအဖြစ်ရပ်တည်လျက်ရှိ၊
- ❒ ဆရာသည် ရှင်သန်တက်ကြွမှု၊ ဝေဖန်ဆန်းစစ်နိုင်အားနှင့် ဗဟုသုတပြည့်စုံပါမှ တပည့်များ၏ အနာဂတ်ရှင်သန်ပြီး လောက၏ စိန်ခေါ်မှုများကို ရဲရဲတင်းတင်း ရင်ဆိုင်နိုင်စွမ်းရှိလာမည်ဖြစ်၊
- ❒ ကျောင်းသူ ကျောင်းသားများကို အမှန်တကယ် စာတတ်မြောက်စေရုံသာမက အသိပညာပွားများတတ်ပြီး စိတ်ထားမှန်ကန်ရန်၊ ဝီရိယရှိရန်၊ စည်းကမ်းရှိရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိရန် ပြုစုပျိုးထောင်ပေးခြင်းကို မွန်မြတ်လှသော ဘဝပေးတာဝန်များအဖြစ် တန်ဖိုးရှိစွာခံယူ။




မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များအား ရွှေနဂါးမင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်က စစ်ကိုင်းပညာရေး တက္ကသိုလ် တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

# အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြင်ဦးလွင် သံနှင့်သံမဏိစက်ရုံစစ်ဆေး သံစိမ်းနှင့်သံမဏိတိုးမြှင့်ထုတ်လုပ်ရန် စက်ရုံ၏လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေး စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် အောက်တိုဘာ ၉

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။**

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

## အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ သွားရောက်ပြီး အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၁) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ်ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း အမှတ်(၁) သံနှင့်သံမဏိစက်ရုံသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ ပြင်ဦးလွင်တပ်နယ်မှူး စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စက်ရုံရှင်းလင်းဆောင်၌အမှတ်(၁)သံနှင့်သံမဏိစက်ရုံ အထွေထွေမန်နေဂျာ (စက်ရုံမှူး) ဦးစောမိုးမြင့်က ဤစက်ရုံသို့ ၂၀၀၄ ခုနှစ် ဧပြီ ၁၁ ရက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရောက်ရှိစဉ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမှစ၍ သံစိမ်း၊ သံမဏိတစ်နှစ်လျှင် တန် ၂၅၀၀၀အထိ တိုးမြှင့်ထုတ်လုပ်သွားရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်မှုနှင့်အညီ သံစိမ်း၊ သံမဏိ ထုတ်လုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း ပဏာမ ရှင်းလင်းတင်ပြပြီး စက်ရုံအတွက် သွင်းအားစုလိုအပ်ချက်များနှင့်စုဆောင်းထားရှိပြီး အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

## ကြိုးပမ်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက သံစိမ်းနှင့် သံမဏိ တိုးမြှင့်ထုတ်နိုင်ရေးအတွက် စက်ရုံ၏ လိုအပ်ချက်များ ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို မေးမြန်းစီစဉ် ဆောင်ရွက်ပေးပြီး အမှတ်(၁) သံနှင့် သံမဏိစက်ရုံမှ အဆင့်ဆင့်သော ဝန်ထမ်းများသည် သံနှင့် သံမဏိထုတ် လုပ်ရာတွင် အတွေ့အကြုံ ကောင်းစွာရှိပြီးသူများဖြစ်ကြကြောင်း၊ မိမိတို့၏ အတွေ့အကြုံများကို စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရေး အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ကြိုတ်ခွဲသန့်စင်ဌာန လုပ်ငန်းများကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးကြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်နမူနာပြသထားသည့် သံကျောက်၊ ကျောက်မီးသွေး၊ ထုံးကျောက်နှင့် သံပွတို့ကိုလည်းကောင်း၊ စက်ရုံ၏မီးဖိုပုံစံငယ်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗဟိုထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက စက်ရုံလည်ပတ်မှုလုပ်ငန်းများကို ဗဟိုထိန်းချုပ်ခန်းမှ ကွပ်ကဲဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံတွင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အားများကို ထိန်းညှိဆောင်ရွက်ပေးသည့် လျှပ်စစ်ဗို့အားထိန်းစက်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံ၏လျှပ်စစ်မီးဖိုကြီးကိုလည်းကောင်း၊ ထုတ်လုပ်ထားသည့် သံမဏိချောင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## ရှင်းလင်းပြသကြ

ဆက်လက်၍ သံနန်းဆွဲဌာနသို့ သွားရောက်ကြပြီး ဘိလပ်မြေစက်ရုံသုံး သံမဏိလုံးများထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းသုံး သံချောင်းထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်နှင့် ထုတ်လုပ်ထားပြီးဖြစ်သည့် သံမဏိလုံးများနှင့် သံချောင်းအရွယ်အစားအမျိုးမျိုးတို့ကို ရှင်းလင်းပြသကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်မီးဖိုငယ်နှင့် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ စက်ရုံက ထုတ်လုပ်ထားသည့် သွင်းကုန်အစားထိုး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြပြီးအတွင်းရေးမှူး(၁) က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်အနီးစခန်းလေယာဉ်ကွင်း တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့မှ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အမှတ်(၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ကိုင်းပညာရေး တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းပညာရေး တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်၌တက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းမြင့်က စစ်ကိုင်းပညာရေး တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ တက္ကသိုလ် ဧရိယာအကျယ်အဝန်း စစ်ကိုင်းပညာရေး တက္ကသိုလ်တွင် ဖွင့်လှစ်ထားရှိသော သင်တန်းများ၊ သင်ကြားပို့ချသော အထူးပြုဘာသာတွဲများ၊ ကျောင်းသား ဦးရေနှင့် မြို့နယ်အလိုက် တက်ရောက်ပညာသင်ကြားမှုများ၊ ဝန်ထမ်းရေးရာကိစ္စများ၊ တည်ဆောက်ပြီး အဆောက်အအုံများ၊ ဆက်လက်တည်ဆောက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## စစ်ကိုင်းပညာရေးတက္ကသိုလ်

ဆက်လက်၍ ရွှေနဂါးမင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသူရိန်က စစ်ကိုင်း ပညာရေး တက္ကသိုလ်တွင်တည်ဆောက်ပြီးသည့် အဆောက်အအုံများ၊ ဆက်လက်တည်ဆောက်လျက်ရှိသည့်ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမနှင့် နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ကိုင်းပညာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြင့်သိန်းက တက္ကသိုလ်ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်းခန့်ထားရေးကိစ္စများ၊ တက္ကသိုလ်ရေပေးရေးစနစ် ကောင်းမွန်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

## ရင်းရင်းနှီးနှီး

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များကို မေးမြန်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**



**စစ်ကိုင်း ပညာရေးတက္ကသိုလ် အဆောက်အအုံ ပုံစံငယ်ကို တွေ့ရစဉ်။ (သတင်းစဉ်)**

10-10 (07).p65 1 24.03.1905, 3:14 PM

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့





**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့်မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)**

* ရှေ့ဖုံးမှ

ဖွင့်လှစ်နိုင်သည့် တက္ကသိုလ်ကြီးနှစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်တွင် လိုအပ်နေသေးသည့် ရေကြောင်းနှင့်လေကြောင်းပညာရပ်ဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် တက္ကသိုလ်ကြီးများ ထူထောင်ဖွင့်လှစ်ပေးရန် လမ်းညွှန်ချက်အရ ဤမြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီးနှစ်ခုကို ထူထောင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ရေကြောင်းပညာတက္ကသိုလ်ကို မူလက အလုံမြို့နယ် ရေကြောင်းသိပ္ပံကျောင်းဝင်းအတွင်း စတင်ဖွင့်လှစ်ခဲ့ပြီး ယခုလက်ရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးကို သန်လျင်မြို့နယ် သီလဝါဆိပ်ကမ်းနယ်မြေတွင် အမြဲတမ်းတက္ကသိုလ်ကြီးအဖြစ် ခံ့ခံ့ညားညားတည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

## အခြေကျစပြု

အလားတူပင် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီးကိုလည်း မန္တလေးတိုင်း မိတ္ထီလာမြို့တွင် တည်ထောင်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊တက္ကသိုလ်ကြီးနှစ်ခုစလုံးကို စတင်တည်ထောင်ရာတွင် သက်ဆိုင်ရာပညာရပ်များနှင့်ပတ်သက်၍ နိုင်ငံခြားတွင် ပညာသင်ယူလာကြသည့် ပညာရှင်ကြီးများ၏ အတွေ့အကြုံ အကြံဉာဏ်များကိုရယူပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ တက္ကသိုလ်ကြီးမှာ အခြေကျစပြုနေပြီဖြစ်၍ အရှိန်ရအောင် ဆက်လက်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း။

ကျောင်းသား လူငယ်လူရွယ်များအကြားတွင်လည်း တက္ကသိုလ်ကြီးများက သင်ကြားပေးနေသည့် ပညာရပ်များတတ်မြောက်မှသာ နိုင်ငံတကာ၏ ရေကြောင်းနယ်ပယ်နှင့် လေကြောင်းနယ်ပယ်တို့တွင် ဝင်ဆံ့နိုင်မည်ဆိုသည့် အသိစိတ်များ ကိန်းအောင်းတိုးပွားဖြစ်ထွန်းလာလျက်ရှိနေကြောင်း၊ ယခုကဲ့သို့ လူငယ်လူရွယ်များအနေဖြင့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ ပညာရပ်နယ်ပယ်တွင်အသိပညာ တိုးတက်မြင့်မားလာခြင်းမှာ နိုင်ငံတော်အတွက် များစွာအကျိုးသက်ရောက်မှုများ ရရှိလာမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့်မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီးများကို ခံ့ညားထည်ဝါစွာ တည်ထောင်ပေးထားသည့်နည်းတူ ကမ္ဘာ့အဆင့်မီ သင်ရိုးညွှန်းတမ်းများရေးဆွဲပြီး ခေတ်မီသင်ထောက်ကူပစ္စည်းများ အကူအညီဖြင့် သင်ကြားသင်ယူမှုစနစ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဤရေကြောင်းပညာသင်တက္ကသိုလ်ကြီးတွင် Simulatorကဲ့သို့သော ခေတ်မီစက်ကြီးများကိုပါ တပ်ဆင်သင်ကြားပေးလျက်ရှိသဖြင့် သင်ကြားရေးစနစ်တွင်ကျောင်းသားများရော ဆရာများအတွက်ပါ များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ ရေကြောင်းတက္ကသိုလ်ကြီးနည်းတူ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီးတွင်လည်း တပ်ဆင်သုံးစွဲသွားရန် စီစဉ်လျက်ရှိကြောင်း။

တက္ကသိုလ်ကြီးများ၏ သင်ကြားမှုအပိုင်း ထက်မြက်မြင့်မားရေးအတွက်ကိုလည်း ဆရာ ဆရာမများအား ပြည်ပနိုင်ငံများသို့ ပညာသင်များစေလွှတ်ခြင်းများအပြင် ပြည်ပမှကျွမ်းကျင်သူပညာရှင်များသည်လည်း ဤတက္ကသိုလ်ကြီးများတွင် လာရောက်ပို့ချသင်ကြားပေးလျက်ရှိနေကြောင်း၊ အလားတူပင် ပြည်ပ ပညာရှင်များနှင့်ပူးပေါင်းပြီး ရေယာဉ်နှင့်လေယာဉ်တည်ဆောက်မှုပညာရပ်များကိုလည်း စာတွေ့လက်တွေ့ပေါင်းစပ်လေ့ကျင့်သင်ကြားပေးလျက်ရှိနေကြောင်း။

## ဆက်လက်ကြိုးပမ်း

ဤတက္ကသိုလ်ကြီးများကို စတင်တည်ထောင်စကပင် စနစ်တကျထူထောင်ခဲ့ခြင်းဖြစ်သဖြင့် အနာဂတ်ကာလတွင်လည်း တိုးတက်သည်ထက် တိုးတက်ဖြစ်ထွန်းမှုများရရှိလာပြီး နိုင်ငံတကာတွင် ထင်ပေါ်ကျော်ကြားသည့် တက္ကသိုလ်ကြီးများအဖြစ် ရေရှည်ရပ်တည်သွားနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့ကြောင့် ဤမြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီးများ အနာဂတ်ကာလတွင် ခိုင်ခိုင်မာမာတိုးတက်သည်ထက် တိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ အကြံဉာဏ်များဆွေးနွေးတင်ပြကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ဖွဲ့စည်းပုံ၊ တက္ကသိုလ်ရှိ ပညာရပ်ဌာနများ၊ တက္ကသိုလ်မှအပ်နှင်းမည့် ဘွဲ့နှင့်သင်တန်းကာလ၊ သင်ကြားပို့ချရေးကဏ္ဍ၊ Trainingof Trainers အစီအစဉ်အရ ပြည်တွင်းပြည်ပတက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် ပြည်ပနိုင်ငံများပူးပေါင်းဆောင်ရွက်နေမှု၊ နိုင်ငံခြားသားပညာရှင်များ လာရောက်သင်တန်းပို့ချမှု၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ဝင်ခွင့်ပြုမှု၊တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက Main Building အပါအဝင် အလုပ်ရုံများ၊ စာသင်ခန်းများ၊ ကားရပ်နားရန်နေရာများ တည်ဆောက်ခဲ့မှု၊ ကျောင်းသားများ၏ ပညာသင်ယူနေမှုအခြေအနေ၊ Sea Training ရရှိရေးအတွက် လေ့ကျင့်သင်ကြားပေးနေမှု၊ ရေကြောင်းဆိုင်ရာ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက သင်ကြားစီမံကိန်းရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ Golden Flower Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက တက္ကသိုလ်အဆောက်အအုံများ တည်ဆောက်ခဲ့မှုအဆင့်ဆင့်တို့နှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဖြည့်စွက်တင်ပြ

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၌ဖွင့်လှစ်ထားသည့် သင်တန်းများနှင့် သင်တန်းသားဦးရေ၊ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများဖွဲ့စည်းထားရှိမှု၊နိုင်ငံတကာနှင့်ပြည်ပဆက်ဆံရေး၊ပြည်ပတက္ကသိုလ်များမှ ဧည့်ပါမောက္ခများဖိတ်ကြား၍ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအား သင်တန်းများပို့ချပေးမှု၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာတမ်းများ ဝယ်ယူစုဆောင်းထားရှိမှုများနှင့်အထွေထွေကိစ္စရပ်များ ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဦးသောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် ပင်မအဆောက်အအုံနှင့် ဆက်စပ်အဆောက်အအုံများနှင့်လမ်းများ တည်ဆောက်ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြုရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး ဆောင်ရွက်ဖွယ်ရာများကိုမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ရှိ သင်္ဘောမောင်းနှင်ပုံဆောင်သရုပ်ပြခန်း (Ship Handling Simulator Lab)၊ အင်ဂျင်ပုံဆောင်သရုပ်ပြခန်း (Engine Room Simulator Lab)တို့၌ ကျောင်းသားများ၏ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးရာ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



**တည်ဆောက်ပြီးစီးမှု**

**ကျောက်တန်းမြို့ကျိုက် ပါ ဒ ကြီးဆံတော်ရှင်စေတီတော် အ နီး တွင်ကျောက် တန်း မြို့ ဘိုး ဘွား ရိပ်သာ အဆောက် အအုံ တည် ဆောက် ပြီး စီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် Silver Wave Trading Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သင်္ဘောတည်ဆောက်ရေးအလုပ်ရုံသို့ ရောက်ရှိကြပြီး Speed Boat, Leisure Boat, Fishing Boat, Pilot Boat , Patrol Boat, Ferry Boat, Party Boat နှင့် Passenger Boat တည်ဆောက်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့်မန်နေဂျင်းဒါရိုက်တာဦးမင်းမင်းအောင်တို့က လိုက်လံရှင်းလင်းပြသကြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီအနီးရှိ ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ကျိုက်ပါဒကြီးဆံတော်ရှင် တောင်ဘက်မုခ်အနီး၌ မွမ်းမံပြုပြင်တည်ထားကိုးကွယ်မည့် ရေးဟောင်းစေတီတော်နှင့် ဘိုးဘွားရိပ်သာတည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဘိုးဘွားရိပ်သာခန်းမ၌ A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက ကျိုက်ပါဒကြီးဆံတော်ရှင် စေတီတော်အနီး တည်ထားကိုးကွယ်မည့် ရေးဟောင်းစေတီတော် တည်ထားပြီးစီးသည့် အခြေအနေနှင့် ကျောက်တန်းဘိုးဘွားရိပ်သာ တည်ဆောက်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေးဟောင်းစေတီတော်သာသနိကအဆောက်အအုံများကို မြန်မာမှုလက်ရာများဖြင့် ခံ့ညားထည်ဝါစွာတည်ဆောက်ရေးနှင့် ဘိုးဘွားရိပ်သာအဆောက်အအုံတည်ဆောက်ရာတွင် ရရှိထားသောအလှူငွေများကို စနစ်တကျထိန်းသိမ်းသုံးစွဲရေး၊ ရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဖွဲ့စည်း၍ စနစ်တကျတာဝန်များခွဲဝေဆောင်ရွက်ရေး၊ အဘိုးအဘွားများ၏ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ရေးနှင့် စိတ်လက်ချမ်းသာစွာရှိစေရေးတို့ကို တာဝန်ရှိသူများ ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေး

ယင်းနောက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ ရေးဟောင်းစေတီတော်အတွက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု(NDCG) က ငွေကျပ်၂၅သိန်း၊ ဦးကျော်နိုင်ဦး (Naing Group)ကငွေကျပ်၂၅သိန်း၊ ကပ္ပတိန်ဦးကိုကိုထူး ဇနီးဒေါ်စန္ဒာအောင် သား မင်းသီဟထူး သမီး ဆုသီရိထူးတို့က ငွေကျပ်၂၅သိန်း နှစ်ထောင်၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်းနှင့် ဇနီးဒေါက်တာ ဌေးဌေးငြိမ်း(အေစီအီးဆောက်လုပ်ရေး)က ငွေကျပ်၁၅သိန်း၊ ဦးရန်ဝင်း(အေဝမ်း ဆောက်လုပ်ရေး)ကငွေကျပ်၁၅သိန်း၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းချုပ်က ငွေကျပ် ၁၀သိန်းသုံးထောင်ငါးရာ၊ ဦးကျော်ညွန့်နှင့် ဒေါက်တာဇော်ထွန်း(ရွှေကျားပျံဆောက်လုပ်ရေး)က ငွေကျပ် ၁၀သိန်းတို့ကိုပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း(ရွှေနဂါးမင်းကုမ္ပဏီ) ဦးမောင်မောင်ကြီးဆောက်လုပ်ရေးတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဒေါက်တာ ဦးကိုကိုကြီးက ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များ အသင်းနှင့်ဦးစိုးတင့်-ဒေါ်သန်းဌေး (အေစီအီးဆောက်လုပ်ရေးအဖွဲ့)တို့က ငွေကျပ်သုံးသိန်းစီ၊ ဦးမျိုးအောင်-ဒေါ်မာမာဦး(စေတီတည်ဆောက်ရေးအဖွဲ့)ကငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာတည်ဆောက်ရေးအတွက် ဦးဝင်းမြင့်(ရွှေနဂါးမင်းကုမ္ပဏီ)က လှူဒါန်းသည့် မြေကွက် ၄ဒသမ ၅ ဧကနှင့်ပတ်သက်သော စာရွက်စာတမ်းများ၊ ဒေါက်တာဇော်ထွန်းနှင့် ဇနီးဒေါက်တာဒေါ်ဌေးကြည်တို့က အဘွားဆောင်နှစ်ဆောင်နှင့်ပရိဘောဂ အပြည့်အစုံအတွက် ငွေကျပ် ၄၀၈၈၂၀၀၀၊ ဦးဌေးမြင့်(ယုဇန ဆောက်လုပ်ရေး)ကရုံးခန်း၊ ဧည့်ခန်း၊ ပေါ်တီကိုနှင့်ပရိဘောဂအပြည့်အစုံအတွက် ငွေကျပ် ၂၁၄၃၅၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်းနှင့်ဒေါက်တာဌေးဌေးငြိမ်း(အေစီအီးဆောက်လုပ်ရေး)က အဘိုးဆောင်တစ်ဆောင်နှင့် ပရိဘောဂအပြည့်အစုံအတွက် ငွေကျပ် ၂၀၄၄၁၀၀၀၊ ဦးအိုက်ထွန်း(အိုလံပစ်ဆောက်လုပ်ရေး)က ဆေးခန်း၊စာကြည့်ခန်းနှင့် ပရိဘောဂအပြည့်အစုံအတွက် ငွေကျပ် ၁၈၈၆၈၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်(Asia Express)က ထမင်းစားဆောင်တစ်ဆောင်နှင့် ပရိဘောဂအပြည့်အစုံအတွက် ငွေကျပ် ၁၆၈၂၁၀၀၀၊ ဦးရန်ဝင်း(အေဝမ်းဆောက်လုပ်ရေး)က ခြံစည်းရိုးနှင့်သံပန်းဂိတ်တံခါးအတွက် ငွေကျပ် ၁၅၃၁၇၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ခင်ရွှေနှင့်ဇနီးဒေါ်စန်းစန်းကြွယ်(ဇေကမ္ဘာကုမ္ပဏီ)ကမွေ့ရာရုံနှင့်နားနေဆောင်အတွက် ငွေကျပ် ၁၄၃၅၀၀၀၀၊ ဦးဇော်ဇော်နိုင်၊ ဦးအောင်ဇော်ရဲမြင့်၊ ဦးမောင်မောင်တင်တို့က ပြင်ပမီးလုပ်ငန်းနှင့် ပြင်ပရေလုပ်ငန်းတို့အတွက် ငွေကျပ် ၁၃၄၃၇၀၀၀၊ ဦးမောင်မောင်(ရွှေကမ္ဘာဆောက်လုပ်ရေး)က ငွေကျပ် သိန်း၅၀၊ Mr. Nurul ISLAM (Chairman) Grand Master Asia Co,Ltd. က အမေရိကန်ဒေါ်လာ ၁၀၀၀၊ ကပ္ပတိန်ဦးကိုကိုထူးမိသားစုကငွေကျပ် ၂၅ သိန်း နှစ်ထောင်၊ ဦးတင်သိန်း ဒေါ်အေးအေးမင်း(အေးရိပ်ငြိမ်ကုမ္ပဏီ)မိသားစုက ငွေကျပ် ၁၀ သိန်းတို့ကိုပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်ချုပ်စိန်ထွန်းနှင့်ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်တို့က လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ထို့နောက် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ကျောက်တန်းမြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ်နှစ်သိန်း၊ ဦးကျောက်ခဲ-ဒေါ်ကြင်မြိုင်မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးခင်ဝင်း-ဒေါ်မြင့်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်ကြီး ထွန်းနိုင်မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ကျောက်တန်းမြို့လူမှုရေးအသင်းအဖွဲ့များက ငွေကျပ်တစ်သိန်း၊ ဦးတင်ငွေ(အုတ်၊သဲ၊ကျောက်လုပ်ငန်းရှင်)က ငွေကျပ်တစ်သိန်း၊ ဦးဘခင်-ဒေါ်လှရီမိသားစုတို့က ငွေကျပ် တစ်သိန်း၊ ဒေါ်တင်တင်နွယ်နှင့်ညီအစ်မတစ်စုအလယ်ပိုင်းရပ်ကွက်က ငွေကျပ်တစ်သိန်း၊ ဦးမြင့်ကြည်-ဒေါ်မိ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအာလူး-ဒေါ်စောကြည်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးပျို့ဝါ-ဒေါ်ရတီ မိသားစုက ငွေကျပ်တစ်သိန်း၊ (ဦးချစ်)-ဒေါ်နွဲ့ရီတို့က ငွေကျပ်တစ်သိန်း၊ ဒေါ်ရီ၊ ဦးမြင့်ဆွေ- ဒေါ်ထားကြည်တို့ကငွေကျပ်တစ်သိန်း၊ ကျောက်တန်းမြို့နယ် ပြည်ခိုင်ဖြိုး အသင်းယာဉ်ပိုင်ရှင်များက ငွေကျပ်တစ်သိန်းငါးထောင်တို့ကိုပေးအပ်လှူဒါန်းကြရာ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လက်ခံယူကြပြီးဂုဏ် ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောက်တန်းမြို့ဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေးဟောင်းစေတီတော် တည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျိုက်ပါဒကြီးဆံတော်ရှင် စေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည်ကျောက်တန်းမြို့ ကမ်းနားလမ်းရှိ ကျိုက်မှော်ဝန်း ရေလယ်စေတီတော် ဂေါပကရုံးသို့ရောက်ရှိကြပြီး ကျိုက်မှော်ဝန်းရေလယ်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်တို့ကို ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ရုံးခန်း၌ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးကြဲတိုင်းဆောင်က ရေလယ်စေတီတော်ရေမြောင်းပြုလုပ်ခြင်း၊ မြောင်းဖုံးပြုလုပ်ခြင်းနှင့် တိုးချဲ့ခြင်းလုပ်ငန်းများကို အပိုင်းလေးပိုင်းခွဲ၍ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်း ရေလယ်စေတီတော်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စေတီတော်ဘက်စုံတည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျိုက်မှော်ဝန်းရေလယ်စေတီတော် ငါးစပ်အာရုံခံတန်ဆောင်းရှိ ဆုတောင်းပြည့်ငါးစပ်ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

## ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက အသစ်တင်လှူပူဇော်မည့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ သပိတ်တော် တင်လှူရေးကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်ဘက်စုံတည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မွမ်းမံတည်ဆောက်နေသည့် ရှင်ဥပဂုတ္တမထေရ်စံကျောင်းတော်ကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်မှော်ဝန်း ရေလယ်စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၃ သို့



**မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အင်ဂျင်ပုံဆောင် သရုပ်ပြခန်းတွင် ကျောင်းသားများ သင်ယူလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**





**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့လယ်ရှိ ကန်စိမ်းရေကန် စိမ်းလန်းစိုပြည်ရေးနှင့် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## လူငယ်လူရွယ်များပညာရပ်နယ်ပယ်တိုးတက်မြင့်မားလာ

- ❒ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ကြီးနှစ်ခုတို့မှာ မိမိတို့အစိုးရလက်ထက်တွင်မှ တည်ထောင်ဖွင့်လှစ်နိုင်သည့် တက္ကသိုလ်ကြီးနှစ်ခုဖြစ်၊
- ❒ လူငယ်လူရွယ်များရေကြောင်း၊လေကြောင်းဆိုင်ရာ ပညာရပ်နယ်ပယ်တွင် အသိပညာတိုးတက်မြင့်မားလာခြင်းမှာ နိုင်ငံတော်အတွက် များစွာအကျိုး သက်ရောက်၊
- ❒ ခေတ်မီစက်ကြီးများကိုပါ တပ်ဆင်သင်ကြားပေးလျက်ရှိသဖြင့် သင်ကြားရေးစနစ်တွင် ကျောင်းသားများရော ဆရာများပါ များစွာအထောက်အကူပြု၊
- ❒ တက္ကသိုလ်ကြီးများ၏ သင်ကြားမှုအပိုင်းထက်မြက်မြင့်မားရေး ဆရာ ဆရာမများအား ပညာသင်များစေလွှတ်ခြင်းများအပြင် ပြည်ပမှကျွမ်းကျင်သူပညာရှင်များ ဤတက္ကသိုလ်ကြီးများတွင် လာရောက်ပို့ချ သင်ကြားပေးလျက်ရှိ၊
- ❒ နိုင်ငံတကာတွင် ထင်ပေါ်ကျော်ကြားသည့် တက္ကသိုလ်ကြီးများအဖြစ် ရေရှည်ရပ်တည်သွားနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်၊

ဒွိဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအကြို ဂုဏ်ပြုဆောင်းပါး

# မြန်မာ့သဘင်နှင့် သူတို့အမြင် (၂)

မြန်မာ့ရုပ်သေးသည် မြန်မာမှုစစ်စစ်သာ ဖြစ်သည်။ ရုပ်သေးရုပ်များကို သဘာဝကျကျ လူနှင့်တူအောင်ထုပြီး ဝတ်ဆင်ထားသည်မှာ အခြားနိုင်ငံမှ ရုပ်သေးရုပ်များထက်သာသည်။ ကြိုးဆွဲဆရာတိုင်းသည် ရုပ်သေးရုပ် အသစ်ရောက်လာလျှင် ကိုယ်အင်္ဂါအစိတ်အပိုင်း အပြည့်အစုံပါ၊ မပါနှင့် သဘာဝကျပြီး အနုပညာလက်ရာမြောက်၊ မမြောက် သေချာစွာစိစစ်ပြီးမှ လက်ခံသည်။ ချို့ယွင်းချက် အနည်းငယ်ပါလျှင် လက်မခံပါ။ အပြစ်အနာပါသော ရုပ်သေးရုပ်သည် ကပြရန်မသင့်၊ နတ်မကြိုက်ဟု ဆိုပါသည်။ ရုပ်သေးပွဲစ၍ ကတိုင်းစင်တိုင်ရသည်။ ဇာတ်စင်စောင့်နတ်ကို ရုပ်သေးအရုပ်ကလေးများက တိုင်တည်ပသရသည်။ အခြားအာရှရုပ်သေးရုပ်များထက် မြန်မာ့ရုပ်သေးများကို ကပြရန် အလွန်ခက်ခဲသော ကြိုးဆွဲပညာတတ်ရန်လိုသည်။ ရုပ်သေးရုပ်များ၏ လှုပ်ရှားကပြမှုကို လူနှင့်တူစေရန် ကြိုးဆယ်ချောင်းမှ ဆယ့်နှစ်ချောင်းအထိ အနည်းဆုံးဆွဲတတ်ရသည်။ မန္တလေးမြို့မှ ကြိုးဆွဲဆရာတစ်ဦးကမူ သူဆွဲသော မင်းသမီးရုပ်ကို ကြိုးအချောင်း လေးဆယ်အထိ တပ်ထားကြောင်း၊ မျက်ခုံး လှုပ်ကရန်အတွက် ကြိုးနှစ်ချောင်းတပ်ထားကြောင်း ပြောပြသည်။ ဒီးဒုတ်ဦးဘချိုက ကြိုးအချောင်း ခြောက်ဆယ်အထိဆွဲရသော ရုပ်သေးများပင်ရှိကြောင်း ဆောင်းပါးရေးခဲ့သည်။ ထိုမျှများလှသောကြိုးများကို ဆွဲနိုင်သော ရုပ်သေးဆရာတို့၏ ရုပ်သေးသည် မည်မျှပြောင်မြောက်အောင် ကပြနိုင်မည်ကို ခန့်မှန်းကြည့်နိုင်ပါသည်။

၁၉ရာစုအကုန်တွင် ပေါ်ထွန်းခဲ့သော ရုပ်သေးဆရာကြီး ဦးဖိုးညိုသည် သူ့ရုပ်သေးရုပ်ကလေးများဖြင့် ပွဲကြည့်ပရိသတ်အား မျက်ရည်ကျအောင် ပြုစားခဲ့သည်။ ဆရာပု၏ ရုပ်သေးရုပ်များကမူ ပွဲကြည့်ပရိသတ်ကို ရွှေသွားများ



ပေါ်လာအောင် ပြုံးပျော်စေခဲ့သည်။ မြန်မာနိုင်ငံသို့ ကျွန်ုပ်တို့ ရောက်လာချိန်က ဆရာစပ္ပာယ်ခိုင်မှာ နာမည်ကြီးနေသည်။ သူသည် နှစ်ထပ်ဇာတ်ခုံကို စတင်တီထွင်သုံးသည်။ ဆရာပုဏ္ဏားပုံကျော်အေးကမူ ပြဇာတ်များပင် ကပြနေရာ ခေတ်ဆန်လှသည်။ အခြားအာရှ ရုပ်သေးများနှင့် မတူသောအချက်မှာ မြန်မာရုပ်သေးသည် သဘင်ကြီးဖြစ်သည်။ လူကသော ဇာတ်သဘင်ကြီးကဲ့သို့ပင် ဇာတ်အင်အားနှင့် ဇာတ်အင်္ဂါ အပြည့်အစုံပါပြီး ဆိုင်းဝိုင်းကြီးပါသည်။ ရုပ်သေးရုပ်ကလေးတို့၏ သီးခြားစရိုက်ကို ဖော်သော တီးလုံးများကို သီးခြားတီးပေးသည်။ လူကသော ဇာတ်ပွဲကဲ့သို့ ရုပ်သေးကသော ဇာတ်ကိုလည်း မြန်မာပရိသတ်ကကြည့်ကြသည်။ ရုပ်သေးရုပ်တို့၏ သရုပ်ဆောင်မှုတွင် နစ်မြောပါသွားကြသည်။ လူကသောဇာတ်က မြန်မာ့ရုပ်သေး ဇာတ်အပေါ် လွှမ်းမိုးမသွားဘဲ ရုပ်သေးဇာတ်ကသာ လူကသောဇာတ်ကို ဩဇာလွှမ်းခဲ့သည်။ ရုပ်သေးမင်းသမီး၊ မင်းသားတို့၏ အဆိုအကများသည် အလွန်လူကြိုက်များရာ လူမင်းသမီး၊ မင်းသားများကပင် အတုယူကြရသည်။ ရုပ်သေးကြိုးဆွဲအကကို ကတတ်ဖို့ ကြိုးစားကြရသည်။ မြန်မာကချေသည်ကို အကကောင်းကြောင်း ချီးမွမ်းလိုပါက ရုပ်သေးကလေးလို ကတတ်သည်ဟု ပြောရသည်။

## ဒေါက်တာခင်မောင်ညွန့်

ကျွန်ုပ်တို့သည် ဘုရားပွဲတစ်ခု၌ ရုပ်သေးပွဲကိုကြည့်ရင်း မြန်မာ့ရုပ်သေးသဘင်ပျောက်ကွယ်တော့မည်လောဟု စိုးရိမ်သောက ဖြစ်လာမိသည်။ ပျောက်ကွယ်သွားပါက အာရှအနုပညာ၏ ရတနာတစ်လုံး ဆုံးရှုံးရပေတော့မည်။ သို့သော် မြန်မာနိုင်ငံတော်အစိုးရက မြန်မာ့ရုပ်သေးသဘင် ပြန်လည်ရှင်သန်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရ၍ များစွာနှစ်ထောင်းအားရ ဖြစ်မိသည်။

မြန်မာ့ဆိုင်းသည် ဇာတ်ပွဲတွင် ဇာတ်ခုံ၏ ယာဘက်တွင်ရှိသည်။ အပြင်ပန်းကြည့်ရသည်မှာ တောက်ပြောင်လှပသော မှန်စီရွှေချတူရိယာများကို တွေ့ရပြီး ဂျာဗားမှ "ဂေမီလန်"နှင့် တူသယောင်ရှိသည်။ အချို့ တူရိယာပစ္စည်းများမှာ မူလက အိန္ဒိယမှ ဆင်းသက်လာသည်ဟု ထင်ရသော်လည်း ယခုအမြင်တွင် အိန္ဒိယဆန်မှု လုံးဝမတွေ့ရပါ။ တရုတ်နှင့်မလေးတူရိယာတို့နှင့် နွှယ်သယောင်ရှိသည်။ နှဲသည် တရုတ်လေမှုတ်တူရိယာ"စိုန"နှင့်ဆင်သည်။ ဝါးလက်ခုပ်သည် တရုတ်"တိုင်ဆန်"နှင့် သဘောချင်းတူသည်။ လင်းကွင်းကြီးနှင့် ပတ်မကြီးမှာ ရှမ်းတောင်တန်းများကို ကျော်ဖြတ်ပြီး တရုတ်နိုင်ငံမှ ဆင်းသက်လာသလောဟု တွေးထင်ဖွယ်ရှိသည်။ ပတ္တလားနှင့် ကြေးနောင် ဝိုင်းတို့မှာလည်း မလေးတို့၏ "ဂေမီလန်နှင့် ဆက်စပ်နေဟန်တူသည်။ အထင်ရှားဆုံးကား ဆိုင်းဝိုင်းကြီးပင်ဖြစ်သည်။ ဟင်္သာပဒါးသုတ်၊ မှန်စီရွှေချထားသော ပန်းပုလက်ရာမြောက် သစ်သားခွေကြီးဖြစ်သည်။ ပတ်ဝိုင်းဆရာက အလယ်တွင်ထိုင်ပြီး ပတ်လုံးများကို ဂီတသံထွက်လာအောင် လက်နှင့်တီးသည်။ ဤဆိုင်းဝိုင်းကား မြန်မာတို့၏ မူရင်းဖြစ်သည်။ အလားတူ ကြိုး ၁၃ကြိုးတပ် စောင်းသည်လည်း မြန်မာ့တူရိယာစစ်စစ်ပင်ဖြစ်သည်။ မြန်မာဘုရင်များလက်ထက်တွင် စောင်းကိုနန်းတွင်း၌သာ တီးရသည်။ သည့်နောက် ကိုလိုနီခေတ်တွင် စောင်းကို မေ့ပျောက်နေခဲ့ကြရာ မန္တလေးမြို့မှ ဆရာမဒေါ်မေက ပြန်လည် ဖော်ထုတ်ပေးခဲ့သည်။ ယခင်က ဘုရင့်အပါး ဖျော်ဖြေရသော စောင်းဆရာကြီးထံမှ ဒေါ်မေက စောင်းပညာကို သင်ယူခဲ့သည်။ ရိုးရာနည်းနှင့် မူလပုံစံအတိုင်း စောင်းထုလုပ်ပေးနိုင်သော ပန်းပုဆရာကြီး ဦးမှတ်ကြီးကိုလည်း ဒေါ်မေက မြန်မာ့စောင်းကို ထုလုပ်ခိုင်းခဲ့သည်။ ဤသို့ဖြင့် မြန်မာ့ရိုးရာ တူရိယာပစ္စည်းတစ်ခု ဖြစ်သော စောင်းသည် တိမ်ကောမသွားဘဲ ပြန်လည်ရှင်သန်လာခဲ့လေပြီ။

မြန်မာ့အကသည် မြန်မာတို့၏ အဓိကဖျော်ဖြေမှုဖြစ်သည်။ အစောဆုံးပြောရလျှင် တရုတ်ရာဇဝင်များ၌ တရုတ်ဧကရာဇ် "ဆီနန်ပု" နန်းတော်တွင် ဖျော်ဖြေခဲ့သော ပျူကချေသည်နှင့် ဂီတပညာရှင်တို့အကြောင်းကို ဖော်ပြထားသည်ကို တွေ့ရသည်။ ပုဂံရှိ ရှေးဟောင်း ဘုရားပုထိုးအဆောက်အအုံများတွင် မွမ်းမံထားသော နံရံပန်းချီ၊ ပန်းပု၊ စဥ္စခွက်၊ အုတ်ခွက်၊ အင်္ဂတေပန်းတို့၌ မြန်မာနှင့်အိမ်နီးချင်းနိုင်ငံတို့၏ အကသရုပ်ဖော်မှုများကို တွေ့ရသည်။ မြန်မာအကကို ပန်းဆယ်မျိုးနှင့် သရုပ်ဖော်ခဲ့သော မြန်မာ့ရိုးရာဓလေ့သည် ယနေ့တိုင်ရှိနေသေးသည်။ မြန်မာ့ယွန်းနှင့် ငွေထည်၊ ပန်းပုပစ္စည်းများတွင် တွေ့ရသည်။ ယနေ့ မြန်မာအကသည်ကား ပျူ၊ မွန်၊ ရှမ်း၊ ဗမာစသော တိုင်းရင်းသားတို့၏ အကများကို ၉ရာစုနှင့် ၁၄ရာစုများအတွင်းက ရောယှက် ပေါင်းစပ်ပြီး ဖွံ့ဖြိုးလာသော အကသာဖြစ်သည်။

မြန်မာ့အကသည် နတ်ဒေဝါတို့ကပေးသော လက်ဆောင်ပေလော၊ လှပသော လုံမကလေးများ၏ အနုပညာစွမ်းရည်ပေလော။ မပြောတတ်ပါ။ အိန္ဒိယအကတွင် သီဝ၊ ခရစ်ရှုနားစသော နတ်မင်းကြီးတို့၏ အကသည် ကမ္ဘာကြီးကို ဖန်ဆင်းခြင်းနှင့် ဖျက်ဆီးခြင်း သရုပ်ဖော်အကများ ပါဝင်သည်။ အိန္ဒိယအကသည် ပူဇော်ခြင်း၊ သရုပ်ဆောင်ခြင်းနှင့် နတ်ဒေဝါတို့၏ သရုပ်ဖော်ထုတ်ခြင်း သဘောဆောင်သည်။ ရေပေါ်တွင် မီးတောက်ပေါ်လာပုံ၊ နတ်ဒေဝါများက လူဖြစ်လာပုံ၊ လူက နတ်ဒေဝါဖြစ်သွားပုံများကို သရုပ်ဖော်ကသည်။ နှစ်ပေါင်း နှစ်ထောင်ကျော်က ယင်းအိန္ဒိယအကများသည် ယနေ့ မြန်မာနိုင်ငံဖြစ်နေသော ဒေသသို့ ရောက်လာခဲ့ဟန်တူသည်။

ဗုဒ္ဓသာသနာ မြန်မာနိုင်ငံသို့ မရောက်လာမီက မြန်မာနိုင်ငံတွင် နတ်ကိုးကွယ်မှုရှိသည်။ အိန္ဒိယကုန်သည်များနှင့် ဗြဟ္မဏတို့ ရောက်လာရာ သူတို့နှင့်အတူ သူတို့၏အကပါ ယူလာခဲ့ဟန်တူသည်။ ဒေသခံ မြန်မာတိုင်းရင်းသားတို့၏ ပင်ကိုအက များနှင့်တွေ့ထိပြီး တဖြည်းဖြည်း ရောနှောပေါင်းစပ်လာဟန်တူသည်။ မြန်မာတိုင်းရင်းသားတို့၏ နတ်ပူဇော်ပသသော အကများသည် အခုန်၊ အမြူး၊ အကွေ့၊ အဆတ်၊ သွက်လက်မှုကများပြီး အာရှအလယ်ပိုင်း မွန်ဂိုလွိုက် စရိုက် လက္ခဏာပါသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် အခြေချ နေထိုင်လာကြသော မြန်မာတိုင်းရင်းသားတို့သည် အိန္ဒိယမှရောက်လာသော အကနှင့် မိမိတို့ပင်ကို အကများကို အဆင်ပြေစွာ ပေါင်းစပ်နိုင်စွမ်း ရှိကြသည်။ ဗုဒ္ဓသာသနာ ရောက်လာသောအခါ လောကီရေးကိစ္စကို စွန့်ပယ်သော ဘာသာတရားဖြစ်လင့်ကစား အက၊ အခုန်၊ ဂီတသီချင်းစသည်တို့ကို သည်းခံသည်။ ဘုရားပွဲများတွင် ကခုန်သီဆိုခြင်းသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အနုပညာဖြင့် ပူဇော်ခြင်းပင် မဟုတ်ပါလား။

ထို့ကြောင့် မြန်မာတို့၏ပွဲတိုင်းတွင် အကပွဲများဖြင့် ကပြဖျော်ဖြေလေ့ရှိကြသည်။ သူ့တိုသည် ဆင်ဖြူတစ်စီး ရလျှင်သော်လည်းကောင်း၊ စေတီတစ်ဆူတည်ပြီးလျှင်သော်လည်းကောင်း ကကြသည်။ နယ်ချဲ့နှင့် ဖက်ဆစ်တို့က သူတို့နိုင်ငံကို အုပ်စိုးခြယ်လှယ်စဉ်ကလည်း မြန်မာမှု၊ မြန်မာ့သဘင်ပညာများ ပျောက်ကွယ်မသွားခဲ့ပေ။

ပြည်သူလူထုတစ်ရပ်လုံး၏ ဖျော်ဖြေမှုဖြစ်သော မြန်မာအကကို ရိုးရာမှုမပျက်စေရန် သူတို့ထိန်းသိမ်းနေကြသည်။ နိုင်ငံတော်အစိုးရက ဖွင့်ထားသော ပန်တျာကျောင်းများတွင် အဆို၊ အက၊ အတီး၊ ဇာတ်ဆောင်ပညာတို့ကို စနစ်တကျ သင်ပေးလျက်ရှိသည်။ ရှေးမှုများ ဖော်ထုတ်ထိန်းသိမ်းရင်း တီထွင်ဖန်တီးမှုများ ပြုနေကြသည်။

ဇာတ်သဘင်နှင့် ဘဝ၊ အနုပညာနှင့် အကျင့်စရိုက်တို့သည် မြန်မာတို့၏ ပီတိကို လွှမ်းခြုံထားသည်။ မြန်မာ့အကကို စိုးမိုးထားသည်။ အငြိမ့်သမကလေး မလှရွှေနှင့် ပွဲကြည့်ပရိသတ်တို့ ပီတိအပြုံးချင်း ဖလှယ်သလို၊ မြန်မာနိုင်ငံ၌ နေရာတိုင်းတွင် ကသောပွဲတိုင်း၌ ကချေသည်နှင့် ပွဲကြည့်ပရိသတ်တို့ ပီတိအပြုံးချင်းဖလှယ်၍ နေကြမည်သာ။ ကမ္ဘာတစ်ဝန်းရှိ ကချေသည်တို့သည် ပြုံးကြသည်ချည်းဖြစ်သော်လည်း မလှရွှေနှင့် မလှရွှေကဲ့သို့သော မြန်မာအငြိမ့်သမကလေးတို့လို ချစ်စဖွယ်အပြုံးမျိုး အခြားနေရာတွင် ရှိအံ့မထင်ပါ။ ။

## မိုင်းနောင်မြို့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများပေးအပ်လှူဒါန်းပွဲကျင်းပ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေး အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် ဌာနဆိုင်ရာအသီးသီးက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းနောင်မြို့နယ်သို့ ထောက်ပံ့လှူဒါန်းသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃ရက် နံနက် ၉နာရီက မိုင်းနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက တက်ရောက်၍ အမှာစကားပြောကြားသည်။**

### ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ရုပ်မြင်သံကြားစက် ငါးလုံးကို ဗိုလ်မှူးချုပ်သောင်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှတာဝန်ရှိသူများက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်သို့လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီမှ ထောက်ပံ့သော ဘက်ထရီအိုးပါ ရုပ်မြင်သံကြားစက်လေးစုံကို တာဝန်ရှိသူများက ဝမ်ဖွန်း၊ နားကန်း၊ ဝိန်းကောင်၊ လုံယန်းကျေးရွာအုပ်စုလေးစုသို့လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ပညာရေးဝန်ကြီးဌာနမှ ပေးအပ်လှူဒါန်းသော ရေဒီယို၊ ကက်ဆက်တစ်လုံးနှင့် မိုင်းနောင်တပ်နယ်မိသားစုမှ လှူဒါန်းသော ဗလာစာအုပ်များကို မိုင်းနောင်တပ်နယ်မှဗိုလ်မှူးချုပ်သောင်းအေးက တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းပြီး ရပ်ကွက်၊ကျေးရွာနှင့် ဌာနဆိုင်ရာများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လွင်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၈ရက်က သမဝါယမဝန်ကြီးဌာန သမဝါယမဒေသထွက်ကုန် အရောင်းပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း အမှာစကားပြောကြားစဉ်။** (သမဝါယမ)

စာမျက်နှာ ၆ မှ

သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ်(အီး–၉၀)ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မအူပင် အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးစောထွန်းဝင်းအားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်(ဘီ–၁၀၃) မန္တလေးတိုင်း ညောင်ဦးမြို့နယ် ကျွန်းဘိုကန် အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြတ်ကေခိုင်အားလည်းကောင်း ပေးအပ်သည်။

## ပေးအပ်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ်(အီး–၁၂၁) မန္တလေးတိုင်း မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးထွေးမောင်အားလည်းကောင်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုများကို သင်တန်းသူ အမှတ်(အေ–၄၉) စစ်ကိုင်းတိုင်း ကသာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အထက်တန်းကျောင်းအုပ် ဒေါ်ယဉ်ရွှေနှင့် သင်တန်းသူအမှတ် (ဒီ–၉၄) ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ကြင်မြိုင်အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ စံပြအဆောင်ဆုကို အမျိုးသား အမှတ်(၁)တပ်ခွဲ အဆောင်(၈)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီး အမှတ်(၄) တပ်ခွဲ အဆောင်(၄)မှ သင်တန်းသူများအားလည်းကောင်း ပေးအပ်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းခေါင်းဆောင်၊ ဒုတိယသင်တန်းခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသူသင်တန်းများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူ ဆရာဆရာမများ၏ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေနှင့် အမျိုးသားညီလာခံကို ကြိုဆိုဂုဏ်ပြုလှူဒါန်းငွေနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် လှူဒါန်းငွေများကို သင်တန်းခေါင်းဆောင်များက ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ဆရာဆရာမ ၁၀၀၆ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာရက်သတ္တငါးပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၉ မှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်တန်းမြို့ မြို့နယ်အားကစားခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် A.C.E ဆောက်လုပ်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းတို့က ကျောက်တန်းမြို့ အားကစားခန်းမသစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် မြို့နယ်အားကစားခန်းမ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ကျောက်တန်းမြို့နယ်အားကစားခန်းမသည် အလျားပေ ၁၂၀၊ အနံ ပေ ၉၀၊ အမြင့် ၃၆ ပေရှိ အုတ်နံရံကပ်သွပ်မိုး(Steel Structure Frame)ဖြစ်ပြီး တစ်ထပ်ကြမ်းခင်းဖြစ်သည်။အဆင့်ခြောက်ဆင့်ပါ ပရိသတ် ၅၀၀ ဆံ့ ပွဲကြည့်စင်လည်းပါဝင်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကျောက်တန်းမြို့လယ်ရှိ ကန်စိမ်းရေကန် စိမ်းလန်းစိုပြည်ရေးနှင့် မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ကျောက်တန်းမြို့ လက်ာရာမကျောင်းတိုက်သို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တဝိမလနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ညနေပိုင်းတွင် ကျောက်တန်းမြို့မှ ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## မြန်မာ–ခါနန်တောင်သူလယ်သမား နည်းပညာဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့နည်းပညာပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ ၂၀၀၄ ခုနှစ် Myanmar Canaan Farmers' Training Centre၏ တတိယအကြိမ် မြန်မာ–ခါနန်တောင်သူလယ်သမားနည်းပညာ ဖွံ့ဖြိုးမှု လေ့ကျင့်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉နာရီတွင် ပြင်ဦးလွင်မြို့နယ် ဒိုးကွင် တောင်သူလယ်သမား နည်းပညာ ဖွံ့ဖြိုးမှုလေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ ကိုရီးယားသမ္မတနိုင်ငံ World Headquarters of Canaan Farmers' Movement Corporation အဖွဲ့ဥက္ကဋ္ဌ Dr. Kim Bum Il၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်နှင့်အဖွဲ့ဝင်များ၊မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကော်ဖီစီမံကိန်းဌာနခွဲ၊ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတို့မှညွှန်ကြားရေးမှူးနှင့်ဒုတိယညွှန်ကြားရေးမှူးများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေ၊ ကိုရီးယားသမ္မတနိုင်ငံ Canaan Farmers' Movement Corporationအဖွဲ့ဥက္ကဋ္ဌ Dr. Kim Bum Il တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီးသင်တန်းဆင်းလက်မှတ်နှင့်အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာတင်းနစ်အဖွဲ့ပြန်လည်ရောက်ရှိ မချစ်စုရီပထမဆုသုံးဆုရရှိခဲ့

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၀၄ခုနှစ် စက်တင်ဘာ၂၇ရက်မှ အောက်တိုဘာ၈ရက်အထိ ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင်ကျင်းပပြုလုပ်ခဲ့သော အသက်(၁၈)နှစ်နှင့်အောက် Karachi Club-Kapadia-ITF Junior (World Ranking) Tennis Championships ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ခဲ့သည့် ဦးအောင်မြင့်(အသင်းအုပ်ချုပ်/နည်းပြ)အဖြစ် ဆောင်ရွက်ခဲ့သည့် မြန်မာတင်းနစ်အားကစားအဖွဲ့သည် ယနေ့နံနက် ၁၁နာရီက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

### ပထမဆုသုံးဆု

မြန်မာတင်းနစ် အားကစားအသင်းသည် အမျိုးသမီး တစ်ဦးချင်းနှင့် နှစ်ယောက်တွဲ ပထမပြိုင်ပွဲအား စက်တင်ဘာ၂၇ရက်မှ အောက်တိုဘာ၃ရက်အထိကျင်းပရာ မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ပါကစ္စတန်၊ ကနေဒါ၊ သီရိလင်္ကာနိုင်ငံ စုစုပေါင်းခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မချစ်စုရီ(မြန်မာ)က Miss Amita (သီရိလင်္ကာ)ကို ၃–၆၊ ၆–၄၊ ၇–၅ ဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း မချစ်စုရီ(မြန်မာ)+Miss Amita(သီရိလင်္ကာ)အတွဲက Miss Kholsa+Miss Talwar (အိန္ဒိယ) အတွဲကို ၇–၅၊ ၃–၆၊ ၆–၄ဖြင့် လည်းကောင်း အနိုင်ရရှိပြီး ပထမရရှိခဲ့သည်။ ဒုတိယပြိုင်ပွဲအား အောက်တိုဘာ၄ရက်မှ ၈ရက်အထိ ဆက်လက်ကျင်းပရာ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မချစ်စုရီ(မြန်မာ)+Miss Amita (သီရိလင်္ကာနိုင်ငံ)အတွဲက Miss Kholsa+Miss Talwar (အိန္ဒိယ)အတွဲကို ၆–၃၊ ၆–၃ ဖြင့်အနိုင်ရရှိပြီး ပထမရရှိခဲ့သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ၌ မချစ်စုရီ(မြန်မာ)နှင့် Miss Talwar (အိန္ဒိယ)တို့ ယှဉ်ပြိုင်ကစားနေစဉ်ချော်လဲကာ ညာဘက်တံတောင်ဆစ် ဒဏ်ရာရရှိပြီး ဆက်လက်မကစားနိုင်တော့ဘဲ ပြိုင်ပွဲမှထွက်ခဲ့ရသည်။ မချစ်စုရီ(မြန်မာ)**(အောက်ပုံ)**မှ ၎င်းပြိုင်ပွဲတွင် စုစုပေါင်း ပထမဆုသုံးဆု ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြဝတီရုပ်မြင်သံကြား

**၁၀–၁၀–၂၀၀၄**
**(တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်

**ပဋိစ္စသမုပ္ပာဒ်အခြေခံ (အနုလောမ၊ ပဋိလောမ)**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Straight Lines (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၄း၃၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၁။ မြန်မာ့ရှုခင်း
၆း၄၀ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပန်းတိုင်"**(အပိုင်း–၁)
၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်စား"** (အပိုင်း–၁၃)

## မြန်မာ့ရုပ်မြင်သံကြား

**၁၀–၁၀–၂၀၀၄ ရက် (တနင်္ဂနွေနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း **"ဆန္ဒတော်ပြည့်စေတီတော်"**
၈း၀၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈း၁၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၅ ၇။ အကပြိုင်ပွဲ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"**(အပိုင်း–၃၄)
၁၂း၁၅ ၅။ မန်းချောင်းတံတား
၁၂း၂၀ ၆။ **"ဆည်းဆာ၏အရုဏ်ဦး"** သတ္တိ၊ မေသဥ္ဇာဦး၊ မေထွဋ်ခေါင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်အိအိစိုး (ဒါရိုက်တာ–မျိုးအေး)
၁၄း၁၅ ၇။ တေးဂီတအစီအစဉ်
၁၄း၂၅ ၈။ အတီးပြိုင်ပွဲ
၁၄း၃၅ ၉။ သဖန်းဆိပ်ဘက်စုံရေလှောင်တမံ
၁၄း၄၅ ၁၀။ International News

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Evaryday Use.
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သချ်ာ၊ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (ရူပဗေဒ)
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅ ၆။ ၂၀၀၄ ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသမီး)
၁၇း၂၀ ၇။ တေးဂီတအစီအစဉ်
၁၇း၃၀ ၈။ မြန်မာစာ မြန်မာစကား
၁၇း၄၀ ၉။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၇း၅၀ ၁၀။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၁၁။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့လင်းပိုင်ငယ်"** (အပိုင်း–၂၂)
၁၉း၃၅ ၁၄။ ရန်ကုန်တိုင်း ပါရမီခုံးကျော်တံတား
၁၉း၄၅ ၁၅။ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဆွေးနွေးခန်း(အရေးပြိုင်ပွဲဆွေးနွေးခန်း)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မေတ္တာသည် ဆန်းကြယ်လှသည်"**(အပိုင်း–၇)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ အောက်တိုဘာလအတွက်**
**၁၀–၁၀–၂၀၀၄ရက်နေ့**
**နှင့်**
**၃၁–၁၀–၂၀၀၄ရက်နေ့**

## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# စစ်ကိုင်းတောင် ဆွမ်းဦးပုညရှင်စေတီတော်ကြီး ရွှေထီးတော်သစ်တင်လှူမည်

**ရန်ကုန် အောက်တိုဘာ ၉**

စစ်ကိုင်းတောင်ရိုး ဝတ်ရုံတောင်တော်၏ တောင်ထွတ်တွင် တည်ရှိသော ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၏ ထီးတော်မြတ်ကြီးမှာ နှစ်ပေါင်းနှစ်ရာခန့် ကြာညောင်းဟောင်းနွမ်းနေပြီဖြစ်သည့်အတွက် စေတီတော်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သီတဂူဆရာတော်တို့ဦးဆောင်၍ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အသစ်တင်လှူမည်ဖြစ်ရာ ကုသိုလ်ဒါန ပါဝင်လိုကြသည့် စေတနာရှင် အပေါင်းတို့သည် ပုညရှင်စေတီတော် ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သီတဂူဆရာတော်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သတင်းကောင်း ပါးအပ်ပါသည်။



ဆွမ်းဦးပုညရှင်စေတီတော်ကြီးကို အနီးကပ်ဖူးမြော်ရစဉ်။

ဆွမ်းဦးပုညရှင်စေတီတော်ကြီးသည် ပင်းယခေတ် တစ်စီးရှင်သီဟသူမင်း လက်ထက် သက္ကရာဇ် ၆၇၄ခုနှစ်တွင် ပုညအမတ်ကြီး တည်ထားခဲ့သော စေတီတော်ကြီးဖြစ်ပါသည်။ သက်တော်နှစ်ပေါင်း ၇၀၀ခန့်ရှိပြီး ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအမွေအနှစ်၊ သမိုင်းအမွေအနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့်အတွက် သာသနာ့သမိုင်း၊ မြန်မာ့သမိုင်းမှတ်တိုင်ကြီးတစ်ခုကို အများပြည်သူတို့ ဝိုင်းဝန်းစောင့်ရှောက်သောအားဖြင့် လှူဒါန်းနိုင်ကြပါကြောင်း နှိုးဆော်လိုက်ပါသည်။

**ဆွမ်းဦးပုညရှင်စေတီတော်ကြီး စောင့်ရှောက်ရေးဂေါပကအဖွဲ့**
**စေတီတော်ရင်ပြင် စစ်ကိုင်းတောင်ရိုး။**

# ကန်တော်ကြီး ကရဝိက်ဥယျာဉ်အတွင်း အရောင်းပြခန်းဖွင့်လှစ်လိုသူများ ဆက်သွယ်နိုင်ပြီ

**ရန်ကုန် အောက်တိုဘာ ၉**

မကြာမီဖွင့်လှစ်တော့မည့် ကန်တော်ကြီးသဘာဝဥယျာဉ် (Kandawgyi Nature Park)အတွင်းရှိ ကရဝိက်ဥယျာဉ်(Karaweik Garden)၌ တည်ဆောက်ထားသော ဆိုင်ခန်းနေရာများတွင် မြန်မာ့ရိုးရာ လက်မှုပစ္စည်းအရောင်းပြခန်းများ၊ တိုင်းရင်းသားရိုးရာ လက်မှုပစ္စည်းအရောင်းပြခန်းများ၊ အမှတ်တရ ပစ္စည်းအရောင်းပြခန်းများနှင့် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလိုသူများသည် ဖုန်း-၀၁-၅၄၈၃၁၀မှ ၀၁-၅၄၈၃၁၇ အထိသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်အောင်မြင်ဓမ္မာရုံ ဆွမ်းအောင်ပွဲ တရားပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

သာကေတ ၂/တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံတွင် အောက်တိုဘာ ၂၂ရက်မှစ၍ ဝါတွင်းသုံးလ စနေနေ့နံနက်တိုင်း ဆွမ်းအောင်ပွဲအဖြစ် နိုင်ငံကျော် ဓမ္မကထိကများက နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဟုသိရသည်။

**(က-ပ)**

# တန်ခိုးကြီးဘုရား ဖူးမြော်လိုသူများဆက်သွယ်နိုင်

**ရန်ကုန် အောက်တိုဘာ ၉**

ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဒသမအကြိမ် ဆွမ်း၊ဆီမီး၊ရေချမ်း၊နံ့သာ၊သကြားလုံး၊မုန့်ဆီကြော်၊ မုန့်လုံးရေပေါ် ၉၉၀၀စီ ပူဇော်ပွဲကို ဒီဇင်ဘာကျောင်းပိတ်ရက်၌ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပရန် စီစဉ်ထားပြီး စွယ်တော်လေးဆူအပါအဝင် ပုဂံ၊ ပုပ္ပား၊ စလေ၊ စဉ့်ကူဒေသရှိ တန်ခိုးကြီးဘုရားများ ဖူးမြော်မည်ဖြစ်ရာ အသွားအပြန် ခုနစ်ရက်ခရီးကို လိုက်ပါလိုသူများသည် ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)၊ဦးခင်မောင်ဝင်း၊ ဦးကျော်ညွန့် ဆီမီး ၉၉၀၀ အဖွဲ့ရုံး၊ စုပေါင်းရုံးဝင်း၊ (အင်းစိန်) ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉တို့သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

# လက်ရွေးစင်ရေကူးအားကစားသမားဟောင်းများ အဖွဲ့ချုပ်နှင့် ဆက်သွယ်ရန် နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ရေကူးအားကစား တိုးတက်မြင့်မားစေရန်အတွက် ရေကူးအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး အဘက်ဘက်က ကြိုတင်ပြင်ဆင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**နှိုးဆော်**

အစီအစဉ်အရ နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားဟောင်းများအား ဂုဏ်ပြုချီးမြှင့်ရန်ရှိသဖြင့် မြန်မာ့လက်ရွေးစင်ရေကူးအားကစားသမားဟောင်းများသည် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဖုန်း-၅၅၄၆၇၉၊ ၅၅၇၄၃၂၊ ၀၉-၉၈၂၈၁၆၄နှင့် ၅၄၈၄၈၂တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့်

## (Growing with Nature: ASEAN's Environmental Challenges)

## သဘာဝနှင့်အတူ ဖွံ့ဖြိုးမှု-အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဓာတ်ပုံပြိုင်ပွဲဆိုင်ရာ စည်းကမ်းချက်များ

၁။ **ပြိုင်ပွဲခေါင်းစဉ်။** "Growing with Nature - ASEAN Environmental Challenges"

**(ဓာတ်ပုံပြိုင်ပွဲ၏ အဓိကအကြောင်းအရာမှာ Growing with Nature- ASEAN's Environmental Challenges ဖြစ်ပါသည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲမှသည် အများပြည်သူများ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်များကို ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ခရီးသွားလာခြင်းလုပ်ငန်း၊ ကုန်သွယ်ခြင်း၊ လူမှုရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်စေရန်တို့အတွက် ကျင်းပသည့် အစီအစဉ်ဖြစ်ပါသည်။)**

၂။ **ပြိုင်ပွဲရည်ရွယ်ချက်။** အာဆီယံ၏ ပတ်ဝန်းကျင်စိန်ခေါ်မှုများကို ဒေသဆိုင်ရာ ဓာတ်ပုံပြပွဲ/ပြိုင်ပွဲမှတစ်ဆင့် ပိုမိုအာရုံစိုက်လာစေရန်နှင့် ASEAN-COCI အတွက် လိုအပ်သော သတင်းအချက်အလက်များအဖြစ် သုံးစွဲနိုင်မည့် ဓာတ်ပုံများ စုဆောင်းရရှိစေရန်။

၃။ **ရွေးချယ်မှုစံများ (Selection Criteria)**

- ပြိုင်ပွဲအကြောင်းအရာ Theme နှင့် ကိုက်ညီရမည်။
- အနုပညာမြောက်ရမည် (Aesthetic of the Photograph)
- Composition, Balance, Colour and Organization ကောင်းမွန်မှန်ကန်ရမည်။
- အာဆီယံ၏စံနမူနာနှင့်အစီအစဉ်ကိုဖော်ပြနိုင်သည့် ထူးခြားသောအကြောင်းအရာဖြစ်ရမည်။
- ဓာတ်ပုံဆရာ၏ဖော်ပြထားသည့် ရှင်းလင်းတင်ပြချက်ကို ထင်ဟပ်ထားသော ဓာတ်ပုံဖြစ်ရမည်။

၄။ **တင်သွင်းရမည့်စည်းကမ်းချက်များ (Entry Rules)**

(က) Category A = အသက် ၁၃နှစ်မှ ၁၇နှစ်အထိ(ကျောင်းသား၊ကျောင်းသူများဖြစ်ရမည်)
Category B = အသက် ၁၈ နှစ်နှင့်အထက် (Open to all)

(ခ) ဝင်ကြေးမရှိပါ။

(ဂ) မိမိနိုင်ငံတွင်း၌ ရိုက်ကူးထားသော Original ပုံ ဖြစ်ရမည်။ အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ဆုရထားဖူးသော ပုံများမဖြစ်ရ။

(ဃ) အာဆီယံအကြောင်းအရာ (ASEAN Message) ကို အထူးဖော်ပြသောပုံများဖြစ်ရမည်။

(င) 8" x 10" (205 mm x 255 mm) ရောင်စုံဓာတ်ပုံကို 35 mm Camera ဖြင့် ရိုက်ထားသော Negative ပူးတွဲ၍ တင်သွင်းရမည်။ တင်သွင်းသော Negative သည် မူရင်းဖြစ်ရမည်။
(ကွန်ပျူတာဖြင့် ပြုပြင်ဖန်တီးထားမှု မဖြစ်စေရ)

(စ) ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်သော်လည်း တစ်ပုံသာ ဆုရပိုင်ခွင့်ရှိသည်။

(ဆ) ပြိုင်ပွဲဝင်ပုံအသီးသီး၏နောက်ကျောတွင် အောက်ပါအချက်များ ပူးတွဲပါရှိရမည်-
- ဓာတ်ပုံ၏ အကြောင်းအရာ (Title or Caption)
- ဓာတ်ပုံ၏ အကြောင်းအရာနှင့် ထူးခြားချက်ကို အတိုချုပ်ဖော်ပြချက် (Short Annotation) (စာလုံးရေ ၅၀ မှ ၁၀၀ အတွင်း)
- ဓာတ်ပုံရိုက်ကူးခဲ့သော နေရာနှင့်ရက်စွဲ
- ဓာတ်ပုံဆရာ၏ နာမည်အပြည့်အစုံ၊ လူမျိုးနှင့်လိပ်စာ
- ပြိုင်ပွဲဝင်သူ၏ Passport Size ဓာတ်ပုံသုံးပုံ(နောက်ကျောတွင်အမည်ရေး၍)
- Category A အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ အသက်ထောက်ခံချက် ပူးတွဲပါရှိရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအပ်နှံသည့်နေရာတွင် ပြိုင်ပွဲဝင်သူမှ Application Form ကို တစ်ပါတည်း ရေးသွင်းပေးထားခဲ့ရမည်။

၅။ **တင်သွင်းရမည့်ရက်** (Closing Date) **နှင့် ပေးပို့ရန်လိပ်စာ**

အောက်ပါလိပ်စာသို့ ၁၂-၁၀-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။
ဦးထွန်းမင်း (ညွှန်ကြားရေးမှူး)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၅၂၄၅၇

၆။ **ဆုချီးမြှင့်ခြင်း**

(က) ပြည်တွင်းဆု (National Level)
- Category A = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၂၀၀ စီ ချီးမြှင့်မည်။
- Category B = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၈၀၀ စီ ချီးမြှင့်မည်။

(ခ) **ဒေသဆိုင်ရာဆု** (Regional Level)

| | | | |
|---|---|---|---|
| Category A = | ပထမဆု | **FEC** | ၈၀၀ |
| | ဒုတိယဆု | **FEC** | ၆၀၀ |
| | တတိယဆု | **FEC** | ၄၀၀ |
| | အထူးဆုနှစ်ဆု | **FEC** | ၃၅၀ စီ။ |
| Category B = | ပထမဆု | **FEC** | ၂၀၀၀ |
| | ဒုတိယဆု | **FEC** | ၁၅၀၀ |
| | တတိယဆု | **FEC** | ၁၀၀၀ |
| | အထူးဆုနှစ်ဆု | **FEC** | ၇၅၀ စီ။ |

## စာရေးတံမဲ ပွဲတော်ကျင်းပ



ဩဂုတ် ၃၀ရက်က တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ရန်အောင်မြေ ပါလျံကျေးရွာ မိသားစုများ၏ စတုတ္ထ အကြိမ် မြောက် စာရေးတံမဲ ပွဲတော် ကျင်းပစဉ်။

(၄၂၀)

## ဘားအံမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်

ဘားအံ အောက်တိုဘာ ၂

**ဘားအံမြို့နယ် ပန်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်လှစ်ပွဲကို စက်တင်ဘာ ၂၈ရက်က ပန်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးစောချစ်မောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။(အောက်ပုံ)**

အခမ်းအနားတွင် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းအေးကြည်က ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်များပေးအပ်လှူဒါန်းကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## ညောင်တုန်းမြို့နယ်တွင် အကောင်အထည်ဖော်တည်ဆောက်ထားသော ကျေးလက်အိမ်ရာပြီးစီးမှု တိုင်းစည်ပင်သာယာညွှန်မှူး ကြည့်ရှု

**ညောင်တုန်း အောက်တိုဘာ ၅**

ညောင်တုန်းမြို့နယ် မိုးဟုတ်ကျေးရွာအုပ်စု ဘုရားလမ်းအနီးတွင် အကောင်အထည်ဖော် တည်ဆောက်ထားသော ကျေးလက်အိမ်ရာသို့ အောက်တိုဘာ ၄ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်၊ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ကျေးလက်အိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် မိသားစုဝင်များ နေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)** ထို့နောက် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကျေးလက်အိမ်ရာစီမံကိန်းအရ အကောင်အထည်ဖော် တည်ဆောက်ကာ ကျေးလက်အိမ်ရာများတွင် နေထိုင်လျက်ရှိသော မိသားစုဝင်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ ကျေးလက်အိမ်ရာများ တည်ဆောက်ပေးမှုအခြေအနေများ၊ ကျေးလက်ပြည်သူများအနေဖြင့် စိုက်ပျိုးရေးအပြင် တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ ဒေသကြက်မွေးမြူရေးများ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျေးလက်အိမ်ရာများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းသာယာလှပရေးများ ဆွေးနွေးဆောင်ရွက်ကြကြောင်း သိရသည်။

**(၀၉၈)**



## တိုက်ကြီးမြို့နယ် ပညာတန်ဆောင် စာကြည့်တိုက်ဖွင့် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**တိုက်ကြီး အောက်တိုဘာ ၃**

တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် စိန်ကြီးရပ်မင်္ဂလာဓမ္မာရုံတွင် စက်တင်ဘာ ၃၀ရက်က ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမြတ်ကျော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးလှဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ခင်သီတာဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

### ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်နှင့်အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စေတနာရှင်ခြောက်ဦးတို့က စာအုပ်စာစောင်စုစုပေါင်း ၅၀၀ကျော်နှင့် အလှူငွေကျပ် ၁၃၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ်ပြန်/ဆက်)**



## ဂန့်ဂေါမြို့နယ် အောင်သစ္စာစာကြည့်တိုက်ဖွင့် စာအုပ်မျိုးစုံနှင့် ငွေပဒေသာပင်ပေးအပ်လှူဒါန်း

**ဂန့်ဂေါ စက်တင်ဘာ ၂၉**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ ရပ်ကွက်ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါမြို့နယ် မြေနီကျေးရွာ အောင်သစ္စာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးကျော်သန်းဆွေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးစန်းဝင်းက စာအုပ်မျိုးစုံ အုပ်ရေ ၁၀၀ကို လည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမြင့်အောင်က စာကြည့်တိုက် ငွေပဒေသာပင်အဖြစ် အများပြည်သူ စုပေါင်းလှူဒါန်းသည့် ငွေကျပ်နှစ်သောင်းခွဲကိုလည်းကောင်း စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းကြသည်။ **(၂၇၃)**

**ကျေးလက် သတင်းနှင့် မြင်ကွင်း**



## မော်ကျွန်းတွင် ကျေးရွာချင်းဆက်လမ်းဖောက်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၅**

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျွန်းကြီးကျေးရွာနှင့် ဖူထိကျေးရွာတို့ကို ဆက်သွယ်သော ကျေးရွာချင်းဆက် ကျေးလက်မြေသားလမ်းဖောက်လုပ်မည့် လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ အောက်တိုဘာ၃ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသည် အရှည် ၆၁၆ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ် ၃၅သိန်း အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်သည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခုနှစ် ဘဏ္ဍာရေးနှစ် တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်းနှစ်လမ်း၊ မြေသားလမ်းတစ်လမ်းနှင့် ရေပေးရေးလုပ်ငန်း ၂၀တို့ကို ကျပ်၁၂၅သိန်းဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**(မြို့နယ်စည်ပင်)**



**စက်တင်ဘာ ၇ရက်က သာယာဝတီမြို့ စိမ်းလန်းစိုပြည် သာယာ လှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ 'စိုက်ပြီးလျှင်ပျိုး၊ ပျိုးပြီးလျှင်စိုက်' ဆောင်ပုဒ်နှင့်အညီ ပျိုးပင်များ ပြန်လည်ဖြည့်တင်းနိုင်ရန် နှင့် ပျိုးဥယျာဉ်အတွင်း ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

မော်လမြိုင် အောက်တိုဘာ ၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၄-၂၀၀၅ စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက်က မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ (ဝဲပုံ)**

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က မွန်ပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

**အမှာစကားပြောကြား**

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။ **(၁၆၈)**

**စက်တင်ဘာ ၁၇ ရက်က မြဝတီမြို့ သာယာလှပရေးနှင့်စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တည်ထောင်ထားသော ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်မှုကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)



**အမြို့မြို့ အနယ်နယ် သတင်းများ**



# ရေနံချောင်းမြို့နယ် သာယာလှပရေးလုပ်ငန်းများ တိုင်းစည်ပင်ညွှန်မှူး ကွင်းဆင်းစစ်ဆေးမှာကြား

**ရေနံချောင်း အောက်တိုဘာ ၅**

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့က မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ရေပေးရေးစက်ရုံအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ မြို့သာယာလှပရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဖွဲ့ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အခွန်၊ အကောက်များ သတ်မှတ်ရက်အတွင်း ပြည့်မီစွာကောက်ခံရရှိရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားသည်။ **(အပေါ်ပုံ)**

**(မြို့နယ်စည်ပင်)**

# ပန်းတနော်ပန်းရွှေဝါပန်းခြံ အဆင့်မြှင့်မွမ်းမံ

**ပန်းတနော် အောက်တိုဘာ ၅**

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းရွှေဝါပန်းခြံအတွင်း အုတ်ရေမြောင်းများဆောင်ရွက်ခြင်း၊ မြေခင်းအလှပြုပြင်ခြင်း၊ ရေပိုက်လိုင်းများသွယ်တန်းခြင်းနှင့် အဆင့်မြှင့်မွမ်းမံမှုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေကို စက်တင်ဘာ၂၈ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေ တို့က ရှင်းလင်းပြသ ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၃၂၇)



# မွေးမြူရေးဘဏ်စနစ်မွေး တိုင်းရင်းကြက်များ အောင်မြင်ဖြစ်ထွန်းမှု ကန့်ဘလူမြို့နယ်ဥက္ကဋ္ဌကြည့်ရှု

**ကန့်ဘလူ စက်တင်ဘာ ၁၈**

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ရွှေဘိုခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်တို့က စက်တင်ဘာ ၁၀ရက်က ဆိပ်ဖူးမြောင်စံပြကျေးရွာတွင် ဦးမြင့်ကြိုင်နှင့် ဦးတိုးတို့ မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူထားသည့် တိုင်းရင်းကြက်များ၏ အောင်မြင်ဖြစ်ထွန်းမှုကို စစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးစိန်ဝင်းနှင့် ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

**ကာကွယ်ဆေးထိုး**

ဒေါက်တာသန်းထိုက်နှင့်အဖွဲ့သည် ဆိပ်ဖူးမြောင်စံပြကျေးရွာရှိ တောင်သူများနှင့်တွေ့ဆုံပြီး မွေးမြူရေးပညာပေးဆွေးနွေးပြောကြားကာ အပူဒဏ်ခံကြက်လည်လိမ် မျက်စဉ်းခတ်ခြင်း၊ ကြက်ဝမ်းကျ(တောင်ပံခြစ်) ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်းသိရသည်။ **(၀၅၆)**

**မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဘုရားကြီးကျေးရွာ၌ ၂ လက်မ X ပေ ၄၀၀ စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ရေကန် ရေစက်ရုံတည်ဆောက်မှုတို့ကို စက်တင်ဘာ ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဟန် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ လက်ထောက်အင်ဂျင်နီယာ ဦးကျော်မြင့်လွင်ဦးက ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)



## e- Education Learning Centre

### သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

### မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

**၁၁-၁၀-၂၀၀၄ (တနင်္လာနေ့)**

- ❑ English Language Teaching Methodology (1)
  - တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Psycholinguistics (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Psycholinguistics (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**၁၂-၁၀-၂၀၀၄ (အင်္ဂါနေ့)**

- ❑ English Language Teaching Methodology (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ English Language Teaching Methodology (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Psycholinguistics (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသောဆရာ၊ ဆရာမများ

**၁၃-၁၀-၂၀၀၄ (ဗုဒ္ဓဟူးနေ့)**

- ❑ Research Methodology (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက် ရှိသော ဆရာ၊ ဆရာမများ
- ❑ Research Methodology (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ - Research Methodology (3)+(4)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ

**၁၄-၁၀-၂၀၀၄ (ကြာသပတေးနေ့)**

- ❑ Teaching Business English (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Teaching Business English (2)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ Teaching Business English (3)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ။ ဆရာမများ

**၁၅-၁၀-၂၀၀၄ (သောကြာနေ့)**

- ❑ Error Analysis (1)+(2)
  တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ - Error Analysis (3)
  တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
- ❑ - Teaching Literature as Resource in Language Classrooms
  တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာ ပို့ချလျက်ရှိသော ဆရာ၊ ဆရာမများ
  **နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ**

**၁၆-၁၀-၂၀၀၄ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

**၁၇-၁၀-၂၀၀၄ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများအတွက် သင်ခန်းစာများ

## မွေးနေ့ဆုမွန်

၁၀–၁၀–၂၀၀၄ ရက်တွင် ကျရောက်သော ချစ်ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး **ဝင်းသော်**၏ (၄၃)နှစ်ပြည့်နှင့် ချစ်သမီးကြီး **'ဖူးဖူး' မဝင့်ဖူးသော်** (Grade X-B°၊ အထက–၂၊ မင်္ဂလာဒုံ)၏ (၁၅)နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် ဘဝတစ်လျှောက်လုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒမှန်သမျှ ပြည့်ဝပြီး မိသားစုစုံညီစွာနှင့် ပျော်ရွှင်ဖွယ် မွေးနေ့ပေါင်းများစွာကို အတူတကွ သက်ဆုံးတိုင် ဆင်နွှဲနိုင်ပါစေ။

**ချစ်ဇနီး၊ချစ်မေမေ** – **ဒေါ်သီတာဦး**
– အထက စိုက်/မွေး(၁)
– လေးထောင့်ကန်၊ရန်ကုန်၊
**ချစ်သမီးထွေး၊ချစ်ညီမလေး** – **"ပိုးဉ" ဖူးပွင့်သော်**
Grade II-A၊အထက စိုက်/မွေး(၁)
လေးထောင့်ကန်၊ ရန်ကုန်။

## ထားဝယ်အသင်း

### ပညာရည်ချွန်ဆုနှင့် ပညာသင်ဆုချီးမြှင့်ရန် လျှောက်လွှာခေါ်ယူခြင်း

ထားဝယ်အသင်းသူ၊အသင်းသားများ၏ သားသမီးများအနက် (၂၀၀၃–၂၀၀၄)ပညာသင်နှစ်တွင် ကျင်းပသည့် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာဖြေဆိုအောင်မြင်ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားခွင့်ရသူများမှ ရွေးချယ်ကာ တက္ကသိုလ်ပညာသင်ဆုကို ဘွဲ့ရသည်အထိ ချီးမြှင့်ရန်နှင့် ပညာရည်ချွန်ဂုဏ်ထူးဆု ချီးမြှင့်ရန် ရှိပါသည်။

သို့ပါ၍ ထားဝယ်အသင်းတွင် လျှောက်လွှာပုံစံရယူပြီး လိုအပ်သည်များဖြည့်စွက်ကာ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ထားဝယ်အသင်းသို့ ပေးပို့ကြပါရန် အကြောင်းကြားအပ်ပါသည်။

**ထားဝယ်အသင်း**
**၈၂၈၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၂၂၂၁၉။**

## သိတင်းကျွတ်ပွဲတော်အကြို Special Promotion

✦✦✦✦✦✦✦

**Diamond Star Co.,Ltd** မှ ထုတ်လုပ်ဖြန့်ဖြူးသော ဒိုးနပ်ဆိုင်ရာသုံးပစ္စည်းအမျိုးမျိုးကို ဝယ်ယူအားပေးကြသော Club Diamond အဖွဲ့ဝင်များအား ဖော်ပြပါ မုန့်လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးကို လက်ရှိရောင်းဈေး၏ ၅% မှ ၁၀% အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

- Mauripan Instant Dry Yeast
- Baker's Choice Baking Powder
- Diamond Mauri Cake Gel
- Diamond Star Bread Improver
- Diamond Star Margarine
- Milkmaid Sweetened Beverage Creamer
- Milkmaid Evaporated Milk
- Krem-Top Evaporated Milk
- Color & Flavour Stars 2 in 1
(milk, coffee, pandan, chocolate, strawerry, orange)

| မြို့မြေစရေဌာန | ရုံးချုပ် | မန္တလေးမြို့ |
|---|---|---|
| (၁) Tel : (951) 652381, 652508, 661278 (၂) Tel : (951) 229031 | Tel : (951) 246208, 246211, 241680, 253296, 381048 Fax : (951) 242683 | Tel : (952) 32590, 32591 Fax : (952) 36157 |

## တိုက်ခန်းငှားမည်

စပေါ်/နှစ်ချုပ်
ဈေး/ကျောင်း/ကားဂိတ်အနီး
ဗိုလ်တထောင်မြို့နယ်အတွင်း
ဖုန်း–၂၉၆၂၂၁။

## အမည်ပြောင်း

အဖဦးသီဟ၏သမီး အထက၁၀ ကန်ရွာကျောင်းဒသမတန်းမှ မခိုင်မာအေးအား မဆုဝေယဉ်ဟု ပြောင်းလဲခေါ်ပါရန်။

**မဆုဝေယဉ်။**

## စက်မှုလုပ်ငန်းရှင်များအတွက်

အမျိုးအစားနှင့် အရည်အသွေးကောင်းမွန်သော တွင်ခုံ၊ ဖောက်စက်၊ ရွှေပေါ်စက်နှင့် အခြားစက်မှုလုပ်ငန်းသုံး စက်ပစ္စည်း အမျိုးမျိုးကို ရောင်းချပေးနေပါသည်။ စက်ပစ္စည်းများ ထပ်မံရောက်ရှိနေပါသည်။
**ဆက်သွယ်ရန်လိပ်စာ–**(၁၂၄/ဘီ)၊ ချင်းတွင်းလမ်း၊တောင်ဒဂုံစက်မှုဇုန်(၃)၊ ဖုန်း–၆၆၃၄၁၄။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၁၈၈၁ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**

## မော့စ်ပလိုင်း ခဲ့ ငွေသားကံစမ်းမဲအစီအစဉ်ပထမအကြိမ်ဖွင့်လိုက်ပြီ

MOSFLY

MM Import Export Co., Ltd.

## ပြင်ဆင်ဖတ်ရှုပါရန်

၆–၁၀–၂၀၀၄နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)တွင်ပါရှိသော ကြော်ငြာစာ အမှတ် ၃၈/၂၀၀၄ ၏ အမှတ်စဉ်(၉)စာပိုဒ်တွင် Website လိပ်စာမှာ Csstb အစား csstb, imis. com. mm ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မြေညီငှားမည်

၁၅ပေ X ပေ၅၀ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်၊ လူစည်ကားသည်။

**စုံစမ်းရန်–ဖုန်း–၅၅၉၉၇၆။**

## မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်ခဲ့သည့် အဆင့်မြင့်တရုတ်ဟင်းချက်နည်းသင်တန်း

သင်တန်းတက်ခဲ့ပြီးနောက် တချို့မှာ စားသောက်ဆိုင်ဖွင့်၍ တချို့မှာ နိုင်ငံခြားသို့သွားရောက်ပြီး အလုပ်လုပ်ကိုင်၍ တချို့အိမ်ရှင်မများမှာ ဟင်းချက်ကျွမ်းကျင်စွာတတ်မြောက်ပြီး စရိတ်သက်သက်သာသာဖြင့် ဧည့်ခံပွဲတည်ခင်း ကျွေးမွေးနိုင်သည်အထိ သင်တန်းအဆင့်မြင့် အကောင်းဆုံးတစ်ခု ဖြစ်ကြောင်း သတင်းပျံ့နှံ့၍ ယင်းသင်တန်းသို့ တက်လိုကြသော လက်ရှိဟင်းချက်ဆရာ ပညာမြှင့်တင်ရန် တောင်းဆိုချက်အရ သင်တန်းများ နောက်တစ်ကြိမ်ပြန်ဖွင့်လှစ်ပါမည်။ တရုတ်ပြည်သင်တန်းကျောင်းပို့ချနည်းစနစ်အတိုင်း ဟင်းမျိုးစုံနှင့် သက်သတ်လွတ်များကို အခမဲ့သင်ကြားပေးပါမည်။

**စုံစမ်းရန်နှင့်စာရင်းသွင်းရန် နေ့စဉ် ၂နာရီမှ ၄နာရီ**
**ဦးဟန်ကြိုင် အမှတ် ၂၅၊ ၂၁လမ်း၊ ရန်ကုန်။**

## ဝန်ထမ်းအလိုရှိသည်

### (ပြည်တွင်း၌သာခန့်ထားရန်)

**ဖြန့်ချိရေး** **ကျား/မ (၁၀) ဦး**

**(အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်)**

လျှောက်ထားသူသည် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ လေဘာမိတ္တူ၊ ကာလာလိုင်စင် ဓာတ်ပုံ (၄)ပုံနှင့်အတူ (၂၀–၁၀–၂၀၀၄) ရက်နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**လျှောက်ထားရန်လိပ်စာ**
Sun & Moon (Advertisement Occupation)
အမှတ် ၁၅၃၊ ဝိဇ္ဇာညီနောင်လမ်း၊ ဇမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

## ဆပ်ပြာကုန်ကြမ်း °CNO/PKO° အဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်း** – ဆပ်ပြာကုန်ကြမ်း CNO/PKO
၂။ **တင်ဒါပိတ်ရက်** – (၁၅–၁၀–၂၀၀၄)ရက်နေ့
၃။ **အချိန်** – (၁၄း၀၀) နာရီ

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**တယ်လီဖုန်းအမှတ်**

| | |
|---|---|
| မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ | ၅၆၁၃၉၁ |
| ရောင်းဝယ်ရေးဌာန။ | ၅၆၆၇၁၅ |
| ၁၉၂၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၅၆၆၇၁၆ |

# နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး လက်တွေ့ကျသည့်စီမံကိန်းများဖြင့် ရုပ်လုံးဖော်ပေးနေ ဆရာ၊ဆရာမများက ယုံကြည်ချက်၊ခံယူချက်နှင့် သိက္ခာရှိသောပညာရေးဝန်ထမ်းများဖြစ်အောင်ကျင့်ကြံ နိုင်ငံတော်၏အနာဂတ်ကိုရှုမြင်ပြီး နိုင်ငံသားများ၏ပညာရည်အဆင့်အတန်းမြင့်မားအောင်ကြိုးပမ်း

ရန်ကုန် အောက်တိုဘာ ၉

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁) ဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၈ရက် နံနက် ၈နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးလှမြင့်ဦး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးနှင့်ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့်သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

## တက်တက်ကြွကြွထမ်းဆောင်

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌

*စာမျက်နှာ ၆ ကော်လံ ၁* ■



**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ဖွင့်လှစ်သော အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၁) ဆင်းပွဲအခမ်းအနားတွင် သင်တန်းသူ စံပြဆုရရှိသော မန္တလေးတိုင်း ညောင်ဦးမြို့ ကျွန်းဘိုကန်အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြတ်ကေခိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြင်ဦးလွင်မြို့ရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်း အမှတ်(၁) သံနှင့်သံမဏိစက်ရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**(သတင်း–ဂု) **(သတင်းစဉ်)**





# ရန်ကုန်–သီလဝါရထားတွဲဆိုင်းသစ် စတင်အသုံးပြုခြင်းအခမ်းအနားဖွင့်လှစ် သီလဝါရထားလမ်းကို လူစီးရထားအပြင် ကုန်ရထားပါခုတ်မောင်းနိုင်ရန်စီစဉ်ထား မြန်မာ့မီးရထားက အဆင့်မြင့်ရထားတွဲဆိုင်းများ ဆက်လက်ထုတ်လုပ်ပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၉**

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား၏ ရန်ကုန်–သီလဝါ ရထားတွဲဆိုင်းသစ် စတင်အသုံးပြုခြင်း အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်–ကျောက်တန်းဒေသရှိ သီလဝါ ဘူတာရုံသစ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ ရန်ကုန်–သီလဝါ ရထားတွဲဆိုင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ●

## ပထမအကြိမ်အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာက အိမ်ရှင်ဗီယက်နမ်ကို အနိုင်ရဗိုလ်စွဲ

**သတင်းဆောင်းပါး–ကိုထွေး**

ရန်ကုန် အောက်တိုဘာ ၉

**၂၀၀၄ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက ဗီယက်နမ်အမျိုးသမီး(ခ) ဘောလုံးအသင်းကို ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။**

မြန်မာနှင့်ဗီယက်နမ်တို့ပွဲစဉ်တွင် ပုံမှန်ပွဲကစားချိန် မိနစ်၉၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ တစ်ဂိုးစီ သရေပွဲဖြစ်နေ၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ ယှဉ်ပြိုင် ကစားရာတွင်

*စာမျက်နှာ ၁၄ ကော်လံ ၅* ▼